The Mirror
၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (13-2-2006) (၄၈၇၀)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ပြည်နယ် အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(အောက်ပုံ) (သတင်းစဉ်)

တစ်ခုတည်းသောအမိမြေ၊ အမိနိုင်ငံတော်ကြီး တိုင်းရင်းသားများ ဝိုင်းဝန်းတည်ဆောက်ကာကွယ်

ဒို့နိုင်ငံဟာ နေရာတိုင်း နေရာတိုင်း၊ ဒေသတိုင်း ဒေသတိုင်းမှာ တိုင်းရင်းသားပေါင်းစုံဟာ အတူတကွ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တယ်။ တိုင်းနဲ့ပြည်နယ် (၁၄)ခုနဲ့ ဖြစ်တည်နေတဲ့ နိုင်ငံတော်အတွင်း တိုင်းနဲ့ပြည်နယ်တိုင်းမှာ တိုင်းရင်းသားလူမျိုးစုအားလုံးဟာ တစ်သားတည်း နေထိုင်လျက်ရှိကြတယ်။ ကာလရှည်လျားစွာ ပေါင်းစည်းနေထိုင်ကြလို့လဲ တစ်ဦးအပေါ်တစ်ဦး မေတ္တာတရား၊ သံယောဇဉ်တရားနဲ့ သစ္စာစောင့်သိမှုတရားတွေ ခိုင်မြဲနေကြပြီဖြစ်တယ်။ ဒါကြောင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်တဲ့ တိုင်းရင်းသားတွေဟာ တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက် ကာကွယ်စောင့်ရှောက်ကြမယ်ဆိုတဲ့ စိတ်ဓာတ်ဟာ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ တစ်နည်းအားဖြင့် မှန်ကန်တဲ့အမျိုးသားရေး ယုံကြည်ချက်ပေါ်က ထွန်းကားလာတဲ့ မျိုးချစ်စိတ်ဓာတ်လဲ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၅)သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲ ကျင်းပသည့် သမ္မတအိမ်တော်ဝင်းသို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၃-၂-၂၀၀၆
(တနင်္လာနေ့)

အမျိုးသားရေးအားမာန် ရင့်သန်ခိုင်မာရေး ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့်ကြိုးပမ်းစွမ်းဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားပြီး အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားသော နိုင်ငံဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်စုများသည် ပြည်ထောင်စုကြီးအတွင်း နှစ်ပရိစ္ဆေဒကြာမြင့်စွာကပင် ဥမကွဲသိုက်မပျက် ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလတိုင်ဖြစ်သည်။

နိုင်ငံတော်၏သမိုင်းကြောင်းတွင် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့သည် တိုင်းရင်းသားအားလုံး၏ ပေါင်းစည်းညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စု စိတ်ဓာတ်စွမ်းအားဖြင့် ကိုလိုနီနယ်ချဲ့တို့၏ စိုးမိုးမှုအောက်မှရုန်းထွက်ကာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် စတင်သန္ဓေတည်ပေးနိုင်ခဲ့သည့် သမိုင်းတန်ဖိုးကြီးမားလှသော နေ့ထူးနေ့မြတ်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ သဝဏ်လွှာတွင်-

"တိုင်းရင်းသားလူမျိုးအားလုံးလွှမ်းခြုံလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှုစွမ်းအားတို့အပေါ်၌ လုံးဝဥဿုံတည်မှီလျက်ရှိသည်ကို တိုင်းရင်းသားလူမျိုးများအားလုံးက ခံယူထားကြရမည် ဖြစ်ပါသည်"

ဟူ၍ဖော်ပြပါရှိသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံလက်တွဲတွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်တို့သည် တိုင်းရင်းသားတို့၏ နှလုံးအိမ်ထဲတွင် စွဲထင်ကိန်းအောင်းနေဆဲပင်ဖြစ်သည်။ အဆိုပါစိတ်ဓာတ်နှင့် အစဉ်အလာများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို နိုင်ငံတကာ အလယ်တွင် တင့်တယ်ဝင့်ထည်စွာ မားမားမတ်မတ်ရပ်တည်နိုင်ရေးအတွက် ခိုင်မာသော အမျိုးသားရေးအားမာန်များပင်ဖြစ်သည်။

ထို့ကြောင့် ကိုလိုနီနယ်ချဲ့လက်သစ်တို့က ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားစေရန်နှင့် လက်နက်ကိုင် ပဋိပက္ခများ ပြန်လည်ပေါ်ပေါက်လာစေရန် လူမျိုးရေးသွေးခွဲသပ်လျှိုမှုများ လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

ယနေ့ကာလတွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့က တိုင်းရင်းသားများ၏ အမျိုးသားရေး အားမာန်လျော့ပါးချည့်နဲ့လာစေရန် လုပ်ဆောင်နေကြသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်နှောင့်နှေးကြန့်ကြာစေရန် စီးပွားရေးပိတ်ဆို့ဟန့်တားမှုများနှင့် နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုးလုပ်ကြံမှုများဖြင့် စွက်ဖက်နှောင့်ယှက်လျက်ရှိရာ အမျိုးသားရေးသတိဖြင့် ရှုမြင်ကြရန်လိုအပ်ပေသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ကာ အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များပါဝင်ပြီး အောင်မြင်စွာကျင်းပလျက်ရှိနေပြီဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအကြား ငြိမ်းချမ်းသာယာမှု၊ နှလုံးစိတ်ဝမ်းတူညီမှု၊ ပေါင်းစည်းခိုင်မြဲမှု အစဉ်အလာကောင်းများ ထာဝရထွန်းကားပြန့်ပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်အကျိုးရလဒ်ကောင်းများကို ပြည်သူတစ်ရပ်လုံး မျှဝေခံစားနိုင်ရေးတို့အတွက် အာမခံနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်သည် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဘိုးဘေးအစဉ်အဆက် ရင်းနှီးချစ်ခင်စွာ ပေါင်းစည်းယှက်နွယ်နေထိုင် လာခဲ့ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အမျိုးသားရေးအားမာန်များ ထာဝစဉ် ရင့်သန်ခိုင်မာစေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်ထောင်စုနေ့ အဝိဋ္ဌာန်

"တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်အလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ရောက်ရှိနေကြသော ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ ဂုဏ်ပြုပန်းခြင်းများချပြီး အလေးပြုကြသည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ သူရဲကောင်း စစ်သည်ဗိမာန်၌ အလေးပြုကြစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ စေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ စေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဝင်းကြိုင်က စေတီတော်နောက်ခံသမိုင်းနှင့် စေတီတော်အား ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များက ရွှေတိဂုံစေတီတော်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေး အတွက် စုပေါင်းလှူဒါန်းငွေကျပ် ၁၁၈၃၉၀ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များကလက်ခံကြပြီးရွှေတိဂုံစေတီတော်ပုံတော်များအားပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး သာသနိက အဆောက်အအုံများကိုလှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် မဟာဝိဇယ စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ရင်ပြင်၌ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းကျော်က စေတီတော်၏နောက်ခံသမိုင်းနှင့် စေတီတော်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များက မဟာဝိဇယ စေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရေး အတွက် စုပေါင်းလှူဒါန်းငွေကျပ် ၁၀၆၆၅၀ ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ဗိုလ်တထောင်မြို့နယ် အထက (၆) အောင်ကျော်ခန်းမတွင် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင် ဖတ်ကြားစဉ်။
(က-ပ)

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က သဃ်ာန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင် ဖတ်ကြားစဉ်။
(၅၀၆)



☆ **ရှေ့ဖုံးမှ**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လိုက်လံနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၆ခုနှစ် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ဇနီး၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ကာကွယ်ရေး ဝန်ကြီးဌာန (ကြည်း၊ရေ၊လေ) တပ်မတော် အရာရှိကြီးများ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၊ အမျိုးသားညီလာခံ အလှည့်ကျသဘာပတိအဖွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၆ခုနှစ် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၆ခုနှစ် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဧည့်ခံဖျော်ဖြေ

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ မကျင်းပမီနှင့် ညစာသုံးဆောင် နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမဧည့်ခံ တီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း သီဆိုဧည့်ခံဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် သမီးငယ်လေးများက **"တေးအလှအကပန်းချီအက"**၊ ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များက **"စည်းလုံးခြင်းသည်အင်အား"**သရုပ်ဖော်အက၊ ကယားပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"ဟူကလဲအဒယ်မေ(ခေါ်) တောင်ယာလုပ်ငန်း"** သရုပ်ဖော်အက၊ ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များက **"ကရင်ရိုးရာ ဒုံးယိမ်းအက"**၊ မွန်ပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက **"ငြိမ့်ညောင်းသာစွ မွန်ဂီတ"**ယိမ်းအက၊ တနင်္သာရီတိုင်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"ပုလဲရတနာ"** အက၊ ချင်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက **"ရိုးရာကောက်ရိတ်သိမ်းအက"**၊ ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"ဘိသိက်တော်ခံ ရိစင်သွန်"**ယိမ်းအက၊ ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက **"သွေးချင်းတို့ဆုံရာ ပြည်ထောင်စုပွဲတော်မှာ"** စုပေါင်းအကနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် များက **"စည်းလုံးညီညာအောင်ကြောင်းဖြာ"**တေးသရုပ်ဖော် အစီအစဉ်တို့ဖြင့် သီဆိုတီးမှုတ်ကပြ ဖျော်ဖြေတင်ဆက်ကြသည်။
(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၅ရက်ညက အမျိုးသားကျောင်းမြက်ခင်းပြင်၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဦးသိန်းထွန်း (မောင်သက်နွယ်)က ဆောင်ရွက်ပြီး ဦးစံရွှေ(တင်မောင်ထက်)က နှုတ်ခွန်းဆက် စကားပြောကြားသည်။ ဦးတင်မြင့် (မောင်နိဒါန်း)က ဗဟိုမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြီး ပြိုင်ပွဲဆုရစာမူရှင်များအား ဆုများချီးမြှင့်ကာ စာရေးဆရာဆောင်းဝင်းလတ်၊ ဆရာကျော်ဝင်းနှင့် ဆရာအဏ္ဏဝါစိုးမိုးတို့က စာပေရေးရာများဟောပြောကြကြောင်း သိရသည်။
(က-ပ)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က သာကေတမြို့နယ် အထက(၁) မြဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်ဖတ်ကြားစဉ်။ (၅၃)

ဘက်စုံသုံး ရေငုပ်သင်္ဘောအမျိုးအစားသစ်များ ရုရှားရေတပ်အတွက် တည်ဆောက်ရန် ခွင့်ပြုချက်ရရှိ

မော်စကို ဖေဖော်ဝါရီ ၁၁

ရုရှားရေတပ်အတွက် ပုံစံသစ်ဖြင့် ထုတ်လုပ်မည့်ရေငုပ်သင်္ဘောအသစ်များ တည်ဆောက်သွားရန်ခွင့်ပြုချက် ရရှိထားပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အသစ်တည်ဆောက်မည့် ရေငုပ်သင်္ဘောများသည် ရုရှားတို့လက်ရှိသုံးစွဲနေသော မဟာဗျူဟာမြောက်ဒုံးပျံများတပ်ဆင်ထားသည့် အဏုမြူရေငုပ်သင်္ဘော ယူရီဒေါ်လ်ဂိုရူကူ အမျိုးအစား၏ စွမ်းဆောင်ရည်ထက် မနိမ့်သော ဘက်စုံသုံး ရေငုပ်သင်္ဘောအမျိုးအစားများဖြစ်မည်ဟု ကာကွယ်ရေးဝန်ကြီးဌာန ရေတပ်ဌာန၏ အကြီးအကဲ အနာတိုလီရှယ်လ်မောဗ်အားကိုးကား၍ အင်တာဖက်စ် သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ရေငုပ်သင်္ဘော အမျိုးအစားသစ်များသည် တန်ချိန် ၅၀၀၀မှ ၆၀၀၀ အတွင်းရှိ သင်္ဘောအမျိုးအစားများဖြစ်သည်။

အလားတူ ရေငုပ်သင်္ဘောမျိုးအစားသစ် လေးစင်းသည် ရုရှားရေတပ်၏ အခြေခံအင်အား တစ်ရပ်ဖြစ်လာမည်ဟု ရုရှားရေတပ်အရာရှိ ဗလာဒီမာဆိုရန်က ပြောကြားသည်။ ရေငုပ်သင်္ဘောများအတွက် ဒီဇယ်လျှပ်စစ်စက်များကို စမ်းသပ်နေမှုမှာ ယခုအခါ ပြီးစီးလုနီးပါးရှိပြီဖြစ်သည်။ ခရုဇ်ဒုံးတပ် ဘက်စုံသုံး အဏုမြူရေငုပ်သင်္ဘောတစ်စင်းကို ယခုအခါ တည်ဆောက်နေပြီဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ ၁၁ ဦး သေဆုံးပြီး ၃၈ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် သောကြာနေ့က ဗုံးတစ်လုံး ပေါက်ကွဲခဲ့သဖြင့် ၁၁ ဦးထက်မနည်း သေဆုံးပြီး ၃၈ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အယ်လ်–ယာမွတ် ဆေးရုံက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်တောင်ပိုင်း ဒူရာခရိုင်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားမှုကြောင့် လူရှစ်ဦးသေဆုံးပြီး ၂၈ ဦး ဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းခရိုင်သည် ဘဂ္ဂဒက်မြို့တော်တွင် နိုင်ငံရေးအခြေအနေ အပြောင်းအလဲ မြန်ဆန်သည့် ခရိုင်တစ်ခုဖြစ်သည်။

အီရတ်တွင် ဒီဇင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲစာရင်းများ ထုတ်ပြန်ပြီးနောက် ယင်းသို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အမေရိကန် ထောက်ခံအားပေးသည့် ကာ့ဒ်လူမျိုးများနှင့် ရှီးယိုက်များ ဦးဆောင်သည့် အီရတ်အစိုးရကို ဖြုတ်ချရန် တိုက်ခိုက်နေသည့် ဆွန်နီပြောက်ကျားများက ရှီးယိုက်များသည် ၎င်းတို့၏ အောင်မြင်ရေး လမ်းကြောင်းကို ခြိမ်းခြောက်အန္တရာယ် ပြုနေသည်ဟု စွပ်စွဲပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လူ့ဦးခေါင်းခွံ တင်သွင်းလာမှုဖြင့် ဟေတီလူမျိုး အမျိုးသမီးကို စွဲချက်တင်

မီယာမီ ဖေဖော်ဝါရီ ၁၁

အဝတ်အစားသေတ္တာအတွင်း လူ၏ ဦးခေါင်းခွံတစ်လုံး ထည့်သွင်းယူလာသည့် ဟေတီလူမျိုး အမျိုးသမီးတစ်ဦးကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဖို့တ်လောဒါဒေးလေဆိပ်၌ ဖမ်းဆီးလိုက်ပြီး သောကြာနေ့တွင် စွဲချက်တင်လိုက်သည်။

ဖလော်ရီဒါပြည်နယ်တွင် နေထိုင်သူတစ်ဦးဖြစ်သည့် မိုင်ရီလင်းဆီဗာရီကို လူ့ဦးခေါင်းခွံသယ်ဆောင်လာကြောင်း အကောက်ခွန်ဌာနသို့ ကြေညာခြင်းမရှိခဲ့မှုနှင့် အန္တရာယ်ရှိသည့် ပစ္စည်းသယ်ယူမှုဖြင့် အမေရိကန်အစိုးရရှေ့နေများက စွဲချက်တင်ထားသည်။

ဆီဗာရီက လူ့ဦးခေါင်းပါသည့် အထုပ်တစ်ထုပ်ကို ရရှိခဲ့ကြောင်း၊ ယင်းအထုပ်သည် ဟေတီအမျိုးသားတစ်ဦးထံမှ ရရှိခြင်းဖြစ်ပြီး မှော်လုပ်ငန်းအတွက် အသုံးပြုရန်ဖြစ်ကြောင်း ပြောကြားသည် ဟု ဖလော်ရီဒါဒေသမှ အမေရိကန် ရှေ့နေတစ်ဦးက ဆိုသည်။

ယင်းလူ့ဦးခေါင်းကို ဆေးစီရင်ပြီး မကောင်းဆိုးဝါးများ နှင်ထုတ်ရန် အသုံးပြုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဖော်ပြပါစွဲချက်အရ အများဆုံးထောင်ဒဏ်ငါးနှစ် ပြစ်ဒဏ်ချမှတ်နိုင်သည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန် ကုန်သွယ်ရေးလိုငွေပြမှု ၂၀၀၅ ခုနှစ်အတွင်း စံချိန်တင်မြင့်တက်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၁

အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍတွင်လိုငွေပြမှုသည် ၂၀၀၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၂၅ ဒသမ ၈ ဘီလီယံအထိ စံချိန်တင် ရောက်ရှိခဲ့ရာ ၂၀၀၄ ခုနှစ်က ရှိခဲ့သည့် ဒေါ်လာ ၆၁၇ ဒသမ ၆ ဘီလီယံထက် ၁၇ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဌာနက သောကြာနေ့တွင်ဖော်ပြသည်။

ယင်းသို့ လိုငွေပြမှုသည် လေးနှစ်ဆက်တိုက် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံက ပြည်ပသို့ တင်ပို့ရောင်းချမှု ပမာဏနှင့် ပြည်ပမှဝယ်ယူတင်သွင်းမှု ပမာဏကွာဟချက် များလွန်း၍ဖြစ်သည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံက ပြည်ပမှ ဝယ်ယူတင်သွင်းမှု ပမာဏသည် လွန်ခဲ့သည့်နှစ်အတွင်း ၁၂ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်မားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖောက်ကလန်ကျွန်းစုကို အာဂျင်တီးနားသို့ ပြန်လည်ပေးအပ်ရန် ချာဗက်ဇ်က တိုနီဘလဲကို ပြောကြား

ကာရာကတ်စ်(ဗင်နီဇွဲလား) ဖေဖော်ဝါရီ ၁၁

ဗြိတိန်အစိုးရက ဖောက်ကလန်ကျွန်းစုကို အာဂျင်တီးနားနိုင်ငံသို့ ပြန်ပေးသင့်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲကို ကြာသပတေးနေ့က နောက်တစ်ကြိမ် ထပ်မံ၍ တိုက်ခိုက်ပြောကြားသည်။

ဝေဖန်ပြောကြား

တောင်အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဗင်နီဇွဲလားအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်း၏ စည်းမျဉ်းများကို လေးစားသင့်သည်ဟု တိုနီဘလဲက ဝေဖန်ပြောကြားခဲ့မှုအပေါ် သမ္မတချာဗက်ဇ်က မကျေနပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ယင်းသို့ ဝေဖန်ပြောကြားမှုသည် နိုင်ငံတကာ ဥပဒေ၏ အခြေခံစည်းမျဉ်းများကို ချိုးဖောက်ခဲ့ခြင်းဖြစ်သည်ဟု ချာဗက်ဇ်က ကာရာကတ်စ်မြို့ရှိ ဗြိတိန် သံအမတ်ထံသို့ ပေးပို့သည့်စာတွင် ရေးသားခဲ့သည်။

ဗြိတိန်သံရုံးက ယင်းဝေဖန်မှုအပေါ် ရတ်တရက် တုံ့ပြန်ပြောကြားခြင်း မရှိသေးပေ။

အဆင်မပြေဖြစ်

အမေရိကန်နှင့် အဆင်မပြေ ဖြစ်ခဲ့ပြီးသည့်နောက် ယခုအခါ သမ္မတချာဗက်ဇ်က ဗြိတိန် ဝန်ကြီးချုပ်အပေါ် တိုက်ခိုက်မှု ပြောင်းသွားခဲ့ခြင်း ဖြစ်သည်။

ချိုးဖောက်

အမေရိကန်၏ အပေါင်းပါဖြစ်သည့် ဗြိတိန်က နိုင်ငံအများအပြား၏ အချုပ်အခြာအာဏာကို ချိုးဖောက်ခဲ့ကြောင်း၊ အာဂျင်တီးနားကမ်းလွန် ဖောက်ကလန်ကျွန်းစုနှင့် ပတ်သက်၍ ဗြိတိန်နှင့် အာဂျင်တီးနားတို့ ၁၉၈၂ ခုနှစ်က စစ်မက်ဖြစ်ပွားခဲ့ကြကြောင်း စသည်ဖြင့် ချာဗက်ဇ်က ပြောကြားသည်။

ဖောက်ကလန်ကျွန်းစုကို အာဂျင်တီးနားထံမှ မည်သို့မည်ပုံ ယူငင်သွားသည်ကို မိမိတို့ သတိတရရှိနေသေးကြောင်း၊ ယင်းကျွန်းများသည် အာဂျင်တီးနားပိုင်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုနီဘလဲအနေဖြင့် အာဂျင်တီးနားနိုင်ငံသားများထံသို့ ပြန်လည်ပေးအပ်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ခါဒီဆီးယားမြို့တွင် နေအိမ်တစ်အိမ်ကို စီးနင်းရှာဖွေနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား ဖေဖော်ဝါရီ ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



အမေရိကန်တပ်ဖွဲ့အတွက် စင်းလုံးငှားလေယာဉ် ကူဝိတ်လေဆိပ်တွင် ပြေးလမ်းချော်မှုဖြစ်ပွား

ကူဝိတ် ဖေဖော်ဝါရီ ၁၂

အမေရိကန်တပ်ဖွဲ့က စင်းလုံးငှားရမ်းထားသော လေယာဉ်တစ်စင်းသည် ကူဝိတ်နိုင်ငံ လေဆိပ်တွင် စနေနေ့က ပြေးလမ်းချော်သည့် မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် ထိခိုက်မှုမရှိကြောင်း အမေရိကန်ကြည်းတပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

– လမ်းချော် –

မိုးရွာသွန်းမှုကြောင့် ပြေးလမ်းပေါ်တွင် လေယာဉ်လမ်းချော်မှုဖြစ်ပွားသည်ဟု ယူဆရကြောင်း ကူဝိတ်လေဆိပ် တာဝန်ရှိသူများက ပြောကြားသည်။

ပြေးလမ်းပေါ် လမ်းချော်မှုဖြစ်ပွားသည့် လေယာဉ်ပေါ်တွင် ခရီးသည် ၂၁၀ ပါရှိသော်လည်း ၎င်းတို့သည် စစ်မှုထမ်းများ ဟုတ်၊ မဟုတ် တိတိကျကျ မသိရှိရကြောင်း ကူဝိတ်မြို့ပြလေကြောင်းဌာန ဒုတိယအကြီးအကဲ ဇူဟေးအယ်လ်–ဇာမီးလ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကမ္ဘာစစ်အတွင်းက ဂျာမန်စစ်သင်္ဘောတံဆိပ် ဆယ်ယူရရှိ

မွန်တီဗီဒီယို(ဉရုဂွေး) ဖေဖော်ဝါရီ ၁၁

ဒုတိယကမ္ဘာစစ် အစပိုင်းကာလက ဉရုဂွေးနိုင်ငံကမ်းခြေအလွန်တွင် နစ်မြုပ်သွားခဲ့သော နာဇီရေတပ်၏ စစ်သင်္ဘောပျက်မှ ကြေးဖြင့်ပြုလုပ်ထားသည့် လင်းယုန်တံဆိပ်အမှတ်အသားကို ဖေဖော်ဝါရီ ၁၁ ရက်က ကျွမ်းကျင်ရေငုပ်သမားတစ်စုက ပင်လယ်ရေအောက်မှ ဆယ်ယူနိုင်ခဲ့သည်။ ယင်းတံဆိပ်အမှတ်အသားမှာ နစ်မြုပ်သွားသော ဂျာမန် စစ်သင်္ဘော ဂရပ်စပီးမှ အမှတ်အသားသင်္ကေတဖြစ်သည်။ ထိုစစ်ရေယာဉ်သည် နာဇီရေတပ်၏ အင်အားကိုဖော်ပြသော နာဇီတို့ဂုဏ်ယူသည့် အမှတ်အသားတစ်ခုအဖြစ် စစ်အတွင်းက ရပ်တည်ခဲ့သည်။

ဂရပ်စပီးသင်္ဘောသည် ဉရုဂွေးနိုင်ငံ၏ ပလိတ်မြစ်ဝတွင် မဟာမိတ်ရေတပ်နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားပြီးနောက် ၁၉၃၉ ခုနှစ်ကုန်ပိုင်းတွင် နစ်မြုပ်ခဲ့သည်။ ထိုသင်္ဘောသည် မနစ်မြုပ်မီ မဟာမိတ်တို့၏ သင်္ဘောကိုးစီးကို အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ နှစ်မြုပ်ခဲ့သည်။

ဂရပ်စပီးသင်္ဘောသည် မဟာမိတ်သင်္ဘောများကို ရှောင်ရှားရင်း ဉရုဂွေးနိုင်ငံ၏မြို့တော် မွန်တီဗီဒီယို ဆိပ်ကမ်းတွင် ဝင်ရောက်ဆိုက်ကပ်ခဲ့သည်။ သင်္ဘော၏ မာလိန်မှူးသည် သင်္ဘောကို မဟာမိတ်များ ဖမ်းဆီးမိကာ အသုံးပြုခြင်းမှ ကာကွယ်ရန် ကိုယ့်ဘာသာကိုယ် နှစ်မြုပ်ခဲ့သည်။

ရေငုပ်သမားများသည် ထိုစစ်သင်္ဘောကို တစ်စစီ ပြန်လည်ဆယ်ယူကာ ပြတိုက်အဖြစ် ထားရှိပြသနိုင်ရေးအတွက် ၁၉၉၈ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့ကြသည်။ ဒေါ်လာသန်းပေါင်း များစွာကုန်ကျသော ဆယ်ယူရေးလုပ်ငန်းကို အာဂျင်တီးနားနှင့် ဂျာမန်ရင်းနှီးမြှုပ်နှံသူများက စိုက်ထုတ်သုံးစွဲခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***



ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ် နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း–ရွှေဖုံး)

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် နိုင်ငံပိုင် ဆားကွင်းများနှင့် ပုဂ္ဂလိကဆားကွင်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်လိုက်ပါလျက် ဖေဖော်ဝါရီ ၉ ရက်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ တိုင်းမန်နေဂျာရုံးသို့ ရောက်ရှိ၍ အစည်းအဝေးခန်း၌ တိုင်းမန်နေဂျာ ဦးဘိုအောင်က ဧရာဝတီတိုင်းအတွင်းရှိ နိုင်ငံပိုင် ဆားကွင်းများနှင့် ပုဂ္ဂလိကဆားကွင်းများ၏ ဆားထုတ်လုပ်မှု၊ ဆားစက်များမှ အိုင်အိုဒင်းဆား ထုတ်လုပ်မှုများကို တင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆားထုတ်လုပ်မှုလုပ်ငန်းများနှင့် ဆားလုပ်ကွက်များ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရေး၊ နိုင်ငံတော်၏ တိုးတက်လာမည့် လူဦးရေနှင့် စက်မှုလုပ်ငန်းများအတွက် ဆားထုတ်လုပ်မှု လုံလောက်စေရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရန် မှာကြားသည်။

ကြိုးစားဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ရေယာဉ်ဖြင့် လမ်းတစ်လျှောက်ရှိ ဆားကွင်းများ ပြင်ဆင်နေမှုများကို ကြည့်ရှု၍ ငပုတောမြို့နယ်ရှိဦးအင်းယား၏ ကျောက်ကလပ်ချောင်းဆားကွင်းကို ကြည့်ရှုအားပေးပြီး ထုတ်လုပ်မှုတိုးတက်ရေး၊ ဆားကွင်းဝန်းကျင် နေရာလွတ်များ၌ ခြံစည်းရိုး ကြက်ဆူပင်များကွက်ပြည့် စိုက်ပျိုးကာ ကြက်ဆူဆီဖြင့် စက်မောင်းနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် ဒေသအာဏာပိုင်များ၊ လုပ်ငန်းရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကြက်ဆူပင်စိုက်ပျိုး၍ ကျေးလက်ဒေသ မီးလင်းရေး၊ သယ်ယူပို့ဆောင်ရေး၊ ထွန်ယက်ရေးစသည်တို့ကို ကိုယ့်အားကိုယ်ကိုးလုပ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို အလေးအနက်ထား၍ လိုက်နာ အကောင်အထည်ဖော်ရေး တို့ကို မှာကြားသည်။

ကြည့်ရှုအားပေး

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၀ရက်တွင် ငပုတောမြို့နယ် သမဲ့ဖြူ ဆားလုပ်ငန်း၌ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ကြက်ဆူပင်စိုက်ပျိုးရေးနည်းစနစ်နှင့် အကျိုးဖြစ်ထွန်းမှုများကို ရှင်းလင်းမှာကြားကာ ကြက်ဆူစေ့နှင့် ကြက်ဆူပင်များကို စိုက်ပျိုးပေးပြီး ဆားကွင်းပြင်ဆင်နေမှုနှင့် နေလှန်းဆား ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာ ဆားဖိုစုရှိ ဦးလှသောင်း၏ ဆားကွင်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ယုံကြည်ချက်၊ ခံယူချက်ရှိရှိ ပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်မီးလင်းရေးအတွက် ကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးရေးတို့ကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သဃ်န်းကလေး ဆားလုပ်ငန်းသို့ရောက်ရှိပြီး ဆားကွင်းပြင်ဆင် ဆောင်ရွက်နေမှုနှင့် ဆားထုတ်လုပ်မှုများ၊ ကျေးလက်မီးလင်းရေးအတွက် လေအားလျှပ်စစ်တပ်ဆင်အသုံးပြုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မျှမျှတတဆောင်ရွက်

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၁ရက်တွင် လပွတ္တာမြို့နယ်သို့ရောက်ရှိပြီး မြို့နယ်ခန်းမ၌ ဒေသအာဏာပိုင်များ၊ ဆားလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ဧရာဝတီတိုင်း ငပုတောမြို့နယ် သမဲ့ဖြူဆားကွင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတ္တုတွင်း)

ဆားထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရေး၊ အခွန်အခများ မှန်မှန်ကောက်ခံရရှိရေး၊ ဆားထုတ်လုပ်တင်ပို့မှု တရားဝင်ခွင့်ပြုထားပြီးဖြစ်၍ သင့်တင့်မျှတသောဈေးနှုန်းဖြင့် မျှမျှတတ ဆောင်ရွက်သွားရန်မှာကြားသည်။

လက်တွေ့ကျကျစည်းရုံး

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် စည်းရုံးဆောင်ရွက်သွားရန်၊ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထား၍ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့ကျကျစည်းရုံးဆောင်ရွက်သွားရန်နှင့်ကျေးလက်မီးလင်းရေးအတွက် ကျေးရွာတိုင်းကြက်ဆူပင်များ ဖြစ်မြောက်အောင် စိုက်ပျိုးရေးစည်းရုံးဆောင်ရွက်သွားရန် မှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် (၈) လမ်းနေ မိုးညှင်းယောဂီ ဦးလှဖေ–ဒေါ်ခင်မြင့်တို့အား အမှူးထား၍ ဦးကျော်စိန်–ဒေါ်တင်လှိုင် မိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၂–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၉။ အရေးပြိုင်ပွဲ
- ၈:၂၅ ၁၀။ ဒေသဖွံ့ဖြိုးတိုးတက်ဝေစည် ဒုဋ္ဌဝတီ
- ၈:၃၀ ၁၁။ International News.
- ၈:၄၅ ၁၂။ Grammar Made Easy.
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄:၅၅ ၅။ အကပဒေသာ
- ၅:၀၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅:၂၀ ၇။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၀ ၈။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၅:၄၀ ၉။ တေးဂီတအစီအစဉ်
- ၅:၅၀ ၁၀။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့်အနှစ်သာရ (အပိုင်း–၁၆)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွတ်ဆိတ်လေး" (အပိုင်း–၆၃)**
- ၆:၅၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လှေကားထစ်လေးများ" (အပိုင်း–၃၈)**
- ၇:၃၅ ၁၅။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၇:၄၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ်နေ့ကလေးများ" (အပိုင်း–၉)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

အလံတော် သယ်ဆောင်လာ

(၅၉)နှစ်မြောက် ပြည်ထောင်စု အလံတော်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဦးစီးသည့် အလံတော် သယ်ယူရေးအဖွဲ့က သဘာပတိအဖွဲ့ဝင်များ ခြံရံလျက် ပြည်သူ့ရင်ပြင်သို့ သယ်ဆောင်လာစဉ်။ (သတင်းစဉ်)

❀ **ကျောဖုံးမှ**

ဒုတိယ ဗိုလ်မှူးကြီး ကျော်တင့် ထံမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းဦးစီးသည့် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး အဖွဲ့က လက်ခံယူပြီး (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှထွေးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ထွေးဦး၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၏ ကိုယ်စားလှယ်ချင်းပြည်နယ်မှဦးဆန်ကျုံး၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ ခြံရံ၍ ပြည်ထောင်စုနေ့အလံတင် အခမ်းအနား ကျင်းပမည့် ပြည်သူ့ရင်ပြင်သို့ သယ်ဆောင်လာရာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မင်္ဂလာစည်တော်ရွမ်းကာ ပြည်ထောင်စု အလံတော်အား ကြိုဆိုကြပြီး နံနက် ၇ နာရီခွဲတွင် ပြည်သူ့ရင်ပြင် အခမ်းအနား စင်မြင့်၏နောက်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှုအင်အားကို ဖော်ကျူးထားသော ပန်းချီကားချပ်ကြီးရှေ့ရှိ စင်မြင့်ပေါ်မှ ငွေဖလား၌ စိုက်ထူလိုက်ပြီး (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား သဘာပတိအဖွဲ့ဝင်များက စင်မြင့်ပေါ်၌ နေရာယူကြသည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပြည်ထောင်စုအလံတော်ကို ပြည်သူ့ရင်ပြင် စင်မြင့်ပေါ်မှ ငွေဖလား၌ စိုက်ထူစဉ်။ (သတင်းစဉ်)

တက်ရောက်နေရာယူ

အဆိုပါ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဗဟိုရုံး အကြီးအကဲများ၊ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များ၊ တိုင်းနှင့် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနရုံးအဖွဲ့မှူးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ အခမ်းအနား ကျင်းပရေးလုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်ဌာနဆိုင်ရာ အကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း ၁၆ ဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပြည်တွင်း ပြည်ပမှ သတင်းစာဆရာများ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်များ၊ ပြည်နယ်/တိုင်းများမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၁၁၈၈ ဦးတို့က ပြည်သူ့ရင်ပြင်၌ တက်ရောက် နေရာယူထားကြသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာရေးနှင့် တောင်ပေါ်မြေပြန့် တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် အခမ်းအနား တက်ရောက်လာကြသည့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုနေ့ကျင်းပရေးလုပ်ငန်း အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ နေရာချထားပေးသည်။

အရှေ့ပိုင်းခရိုင်

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်းအင်အား ၃၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်းအင်အား ၅၀၀၀၊ ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်း အင်အား ၅၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်း အင်အား ၁၀၀၀ စုစုပေါင်း အင်အား ၉၅၀၀ ကျော်တို့သည် ပြည်သူ့ရင်ပြင် ဂိတ်အသီးသီးမှ ဝင်ရောက် နေရာယူကြရာ အခမ်းအနားသို့ ဖိတ်ကြားထားသူများနှင့် ပြည်သူလူထု စုစုပေါင်း အင်အား ၁၀၆၈၈ ကျော် တက်ရောက်ကြသည်။

ထို့နောက် နံနက် ၇ နာရီခွဲတွင် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို စတင်ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား အစီအစဉ်များကို အခမ်းအနားမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး မြင့်ကြည်က ဖတ်ကြားကြေညာသည်။

နိုင်ငံတော်သီချင်းတီးမှုတ်

ရှေးဦးစွာ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြရာ နိုင်ငံတော် စစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ထို့နောက် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေးအဖွဲ့ သဘာပတိအဖွဲ့ဝင်များက နေရာယူကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှထွေးဝင်းက ဖတ်ကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် အလံတော်သယ်ယူရေးအဖွဲ့သည် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ပြည်သူ့ရင်ပြင် စင်မြင့်ပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်အား ပြန်လည်နုတ်ယူ၍ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား သဘာပတိအဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စု တိုင်းရင်းသားတိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ ခြံရံ၍ ပြန်လည်သယ်ဆောင်ကာ ပြည်သူ့ရင်ပြင်ရှေ့ ပြည်လမ်းမပေါ်သို့ အရောက်တွင် အသင့်စောင့်ကြိုနေသော ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေးနှင့် မြေစိုက်ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးထံသို့ လွှဲပြောင်းပေးအပ်သည်။

ငွေဖလား၌စိုက်ထူ

ဆက်လက်၍ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေးနှင့် မြေစိုက်ပိုစတာ စိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများခြံရံ၍ သယ်ဆောင်ပြီး တစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့ မြို့တော်ခန်းမသို့ ဆက်လက်သယ်ဆောင်ရန် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထို့နောက် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်အား တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်သူ့ရင်ပြင်မှ တစ်နှစ်တာ ရပ်နားမည့် ရန်ကုန်မြို့ မြို့တော်ခန်းမသို့ ပြည်လမ်းမှ ဘုန်းကြီးလမ်း၊ ထိုမှ မဟာဗန္ဓုလလမ်းအတိုင်း ဆူးလေဘုရားလမ်းကို ဖြတ်၍ မြို့တော်ခန်းမရှေ့သို့ သယ်ဆောင်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●

ပြည်ထောင်စုအလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားသို့ တက်ရောက်လာကြသူများက အလေးပြုကြစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၆ မှ

ပြည်ထောင်စုလှေဖြင့် ပြည်ထောင်စုအလံတော် ဖြတ်သန်းသွားသည့် ဒဂုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ် လမ်းတစ်လျှောက်၌ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုဆရာမများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူလူထုများက ပြည်ထောင်စုအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ ပြည်ထောင်စု အလံတော်ဖြတ်သန်းသွားသည့် မြို့နယ်များ၌ **"ပြည်ထောင်စုအလံတော်အား လှိုက်လှဲစွာ ကြိုဆိုပါ၏"** စာတန်းပါ လမ်းဖြတ်နဖူးစည်းများဖြင့် လည်းကောင်း၊ လမ်းခရီးတစ်လျှောက် ဝဲ၊ယာ တစ်ဖက်တစ်ချက်တို့၌ ပြည်ထောင်စုအလံများ၊ ရောင်စုံအလံများ လွှင့်ထူ၍လည်းကောင်း၊ အစိုးရရုံးများ၊ ဈေးဆိုင်များ၊ လူနေအိမ်များ၌ ပြည်ထောင်စုအလံများလွှင့်ထူ၍လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။

လွှဲပြောင်းပေးအပ်

ပြည်ထောင်စု အလံတော်သည် မြို့တော်ခန်းမရှေ့သို့ အရောက်တွင် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ပြည်ထောင်စုလှေပေါ်သို့ တက်ရောက်၍ ပြည်ထောင်စုအလံတော်အား နုတ်ယူသယ်ဆောင်လာပြီး အသင့်စောင့်ဆိုင်းနေသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ပြည်ထောင်စုအလံတော်အား တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များခြံရံ၍ သယ်ဆောင်သွားကာ နံနက် ၈နာရီ မိနစ် ၂၀တွင် တစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ဝန်၏ ညှော့ခန်းမစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူပြီး ပြည်ထောင်စုအလံတော်အား အလေးပြုကြသည်။

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အစိုးရရုံးအဆောက်အအုံများ၊ပန်းခြံများ၊ လမ်းများ၊ တံတားများ၊ ဈေးများနှင့် ကျောင်းများ၌ ပြည်ထောင်စုအလံများ လွှင့်ထူထားကြသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် ကြည့်မြင်တိုင်မြို့နယ်မှ ပြည်သူ့ရင်ပြင်သို့ ဆက်လက်သယ်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် သယ်ယူရေးအစီအစဉ်အရ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့တွင် တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)ဌာနမှူး ဦးဇော်ဝင်း၊ တွဲဖက်အတွင်းရေးမှူး၊ ဌာနခွဲမှူး ဦးဝင်းသန်းနှင့် ဆပ်ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြု ဆရာမများ၊ ပြည်သူများတက်ရောက်ကြပြီး ရှေးဦးစွာ ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

စိုက်ထူ

ထို့နောက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စု အလံတော်ကို နုတ်ယူ၍ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါကာ စလင်းအားကစားကွင်း မုခ်ဦးသို့ သယ်ဆောင်လာပြီး ပြည်ထောင်စု လှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထိုကဲ့သို့ ပြည်ထောင်စုအလံတော်အား သယ်ဆောင်လာချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွှမ်း၍လည်းကောင်း၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့က ဘင်ခရာများ တီးမှုတ်၍လည်းကောင်း၊ ပန်းဖွားအကများက၍လည်းကောင်း ဂုဏ်ပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ နာနတ်တောလမ်း၊ ယင်းမှ နာနတ်တော ရထားလမ်းကူးခုံးကျော်တံတားကို ဖြတ်သန်းကာ နာနတ်တောလမ်း၊ ပြည်လမ်း၊ ဟံသာဝတီအဝိုင်းမှတစ်ဆင့် ပြည်လမ်းအတိုင်း သယ်ဆောင်လာရာ ကြည့်မြင်တိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့မှ စက်ရုံ၊ အလုပ်ရုံနှင့် ရုံး၊ ဌာနများမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနား ကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်ရှေ့ သတ်မှတ်နေရာသို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

သဲအင်းဂူ အဓိဋ္ဌာန် ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ရန်ကုန်မြို့လုံးဆိုင်ရာ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယ (နယ်လှည့်သာသနာပြု ဓမ္မကထိက) ဆရာတော် ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)နှင့် တွံတေးမြို့ ကျွန်းတောရပ်ကွက် အမှတ်(၈) သဲအင်းဂူဝိပဿနာကျောင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဝေပုလ္လတို့က ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၆ ရက်ထိ အဓိဋ္ဌာန်တရားစခန်းဖွင့်လှစ်၍ သမထ ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ ၁၈ရက်(စနေနေ့)ညနေ ၅နာရီအရောက် စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

၂၀၀၆ ခုနှစ် အကောက်ခွန် နှစ်လည်မဂ္ဂဇင်း ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၆ခုနှစ် အကောက်ခွန်နှစ်လည်မဂ္ဂဇင်းကို တေးသံရှင်သရုပ်ဆောင်သဇင် (Noအဖွဲ့)၏ မျက်နှာဖုံးပုံဖြင့် ဖြန့်ချိထားသည်။ ယင်းမဂ္ဂဇင်းတွင် အကောက်ခွန်နေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံများ၊ မြင်းမူမောင်နိုင်မိုး၊ နောင်၊ မောင်ဟေမာ၊ ရွှေမြိတ်သောင်းတင်၊ ကို(တက္ကသိုလ်)၊ မောင်ကြင်နွယ်၊ ညွန့်ဝေ(ကသာ)၊ တင့်ထွန်း(ချောက်)၊ မင်းချမ်းမွန်၊ ဝင်းဝေနောင်၊ ဇာနည်၊ ဝေယံမြင့်(ဘိုကလေး)၊ ဦးဦးမြိုင်(ဘဏ္ဍာအခွန်)၊ မင်းခင်ဇော်၊ ဗေဒါမောင်မောင်၊ မောင်အုန်း၊ ဖျာပုံမောင်မောင်စန္ဒာ၊ ဖျာပုံတင်နိုင်ဝင်းတို့၏ ကဗျာများ၊ ရင်သွေးကဏ္ဍတွင် ဇော်ဂျီ၊မင်းသုဝဏ်၊ နုယဉ်၊ မောင်ယဉ်မှူး၊ မြေလတ်မောင်မြင့်သူ၊ မင်းရွှေမင်း(အင်းစိန်)တို့၏ ကဗျာများနှင့် မောင်ခေတ်ထွန်း၏ ပုံပြင်၊ မောင်ခင်မင်(ဓနုဖြူ)၊ သုမောင်၊ ညွန့်ဟံ(ကြူတော)၊ ကိုရီး၊ ဒေါက်တာ

ခင်မောင်ညို၊ အောင်လှိုင် (မန်းတက္ကသိုလ်)၊ မောင်ဆုရှင်၊ ရာဘွေ၊ ဖေမြင့်၊ ချစ်စံဝင်း၊ ချစ်နိုင် (စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ မောင်လှပေါ် (မန္တလေး)၊ မာန်(ဒဿန)၊ ဦးစန်းလွင် (တရားရုံးချုပ်ရှေ့နေ)၊ ဆန်းစိန် (PCA)၊ ဓမ္မပိယဆရာတော်၊ အောင်ကျော်ဝင်း (PCA)၊ မောင်ပုဂ္ဂလိ၊ ခင်ညိုညို (ငွေစာရင်း)၊ ခင်နှင်းဝေ၊ မင်းသူခိုင်၊ လူတုတ်၊ မင်းကျော်မင်း၊ ရွှေဇံ၊ နှင်းမွှန်ဦး၊ မြင့်ဆွေ(၁၇)တို့၏ ဆောင်းပါးများ၊ အဏ္ဏဝါစိုးမိုး၊ လမင်းအိမ်၊ ခင်စောတင့်၊ နန္ဒာမိုးကြယ်၊ ချစ်ဦးညို၊ သန်လျင်မောင်မောင်ဦး၊ လယ်တွင်းသားစောချစ်၊ ချစ်ကိုကိုယု၊ အောင်သာမိုး၊ နွမ်ဂျာသိုင်း၊ ဆောင်းဝင်းလတ်၊ မောင်ဆန္ဒ (လယ်ဝေး)၊ ဟန်သာသူ၊ သန်းမြင့်အောင်တို့၏ ဝတ္ထုများ၊ တင်မိုးလွင်၏ မော်ဒယ်မိတ်ဆက်၊ မောင်မြင့်သန်း(အောင်လံ)၏ နိုင်ငံရပ်ခြားဟာသ၊ ငွေကြည်၊ မြေဇာ၊ သစ်ထွဏ်း၊ မောင်လင်း၊ တင်အောင်နီ၊ မြင့်စိုးလေး၊ မောင်နန္ဒ၊ အောင်ဌေးမင်းတို့၏ ကာတွန်းများနှင့် အကောက်ခွန် ဆိုင်ရာ သိကောင်းစရာ မြန်မာ-အင်္ဂလိပ် ဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် အမှတ် (၁၃၂)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၌ ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ယှဉ်ပြိုင်

သံဖြူဇရပ်မြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မြို့နယ်ကျောင်းပေါင်းစုံ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က အထက(၁) ပညာဗိမာန်ခန်းမ၌ ကျင်းပရာ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြစဉ်။

(မြို့နယ်ပညာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၂-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နေခြည်ဖြာမှ (အပိုင်း-၁၂)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပါရမီရှင်သိုင်းလုလင် (အပိုင်း-၁၇)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းပကား ပြည်ထောင်စု၏အား

ကြည်ကြည်ချို(တောင်ကြီးတက္ကသိုလ်)

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးခြားသည့် ဝိသေသမှာ ရှေးနှစ်ပေါင်း များစွာကပင် တိုင်းရင်းသားမျိုးနွယ်တစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတော်ကြီးဖြစ်သည်။ တိုင်းရင်းသားများသည် ဒေသအလိုက် လူမျိုးစု၊ ဘာသာစကား ကွဲပြားမှုရှိသော်လည်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားကြသည့် သွေးသားရင်းချာများဖြစ်ကာ မြန်မာနိုင်ငံအနှံ့အပြားတွင် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ယှဉ်တွဲနေထိုင်ခဲ့ကြပြီး ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကိုယ်ပိုင်ဘာသာစာပေများဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခဲ့ကြသည်။ ဘာသာတရား၏ အဆုံးအမကို လက်ခံကျင့်သုံးကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖြင့် နေထိုင်လာခဲ့ကြသူများဖြစ်သည်။

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်သောအခါ သမိုင်းအစဉ်အလာကောင်းများ ပေါ်ထွန်းခဲ့ပြီး ယဉ်ကျေးမှုသည်လည်း အဆင့်ဆင့်တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုတွင် ထူးခြားမှုများရှိခဲ့သည်။ မြန်မာ့မြေပေါ်တွင် လူသားမျိုးနွယ် အစဖြစ်သည့် အဆင့်မြင့် ပရိုင်းမိတ်များ၏ ရုပ်ကြွင်းအထောက်အထားများနှင့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများကိုလည်း တွေ့ရှိခဲ့သည်။

မြန်မာနိုင်ငံရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားလူမျိုးတို့၏ မြို့ပြနိုင်ငံများဖြစ်သည့် တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ဝေသာလီ၊ သုဝဏ္ဏဘူမိ စသည်တို့ ပေါ်ထွန်းခဲ့သည်။ မြို့ပြနိုင်ငံများမှ တစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး မြန်မာနိုင်ငံတော်ကြီးကို သုံးကြိမ်သုံးခါ တည်ထောင်ခဲ့သည်။

ခရစ်နှစ် ၁၁ ရာစုတွင် ပုဂံနေပြည်တော်ကြီးကို ဗဟိုပြုပြီး အနော်ရထာမင်းကြီးက ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ၁၁ ရာစုမှ ၁၃ ရာစုအထိ တည်တံ့ခဲ့ပြီး အုပ်ချုပ်သူမင်း၏ စီမံခန့်ခွဲမှုကောင်းမွန်ခြင်းကြောင့် စီးပွားရေး၊ ကာကွယ်ရေး အင်အားတောင့်တင်းခဲ့သည်။ ဘာသာရေးကို အခြေခံ၍ ယဉ်ကျေးမှု ဓလေ့ထုံးစံများ တိုးတက်လာခဲ့သည်။ ပုဂံမင်းများလက်ထက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စွမ်းပကားကြောင့် နိုင်ငံအင်အား တောင့်တင်းပြီး ပတ်ဝန်းကျင် နိုင်ငံများ၏ လေးစားမှုကို ခံခဲ့ရသည်။ ပုဂံခေတ်နှောင်းပိုင်းတွင် ပြည်တွင်း စည်းလုံးညီညွတ်ရေးပျက်ပြားမှုကို အခွင့်ကောင်းယူကာ ပြည်ပမွန်ဂိုတို့ ဝင်ရောက်ကျူးကျော်ခဲ့သဖြင့် ပထမမြန်မာနိုင်ငံတော်ကြီး ပြိုကွဲခဲ့ရသည်။

၁၆ ရာစု တောင်ငူခေတ်တွင် တပင်ရွှေထီးနှင့် ဘုရင့်နောင်ကျော်ထင်နော်ရထာတို့၏ စည်းရုံးရေး ကောင်းမွန်မှုကြောင့် တိုင်းရင်းသား အားလုံး စုစည်းကာ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်တည်ထောင်နိုင်ခဲ့သည်။ သို့သော် ဘုရင့်နောင်၏ သားတော် နန္ဒဘုရင်လက်ထက်တွင် စည်းလုံးညီညွတ်မှုမရှိသဖြင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးခဲ့ရပြန်သည်။

ခရစ်နှစ် ၁၇၅၂-၁၇၆၀ ကာလအတွင်း ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားကြီးသည် ရွှေဘိုမြို့ကိုအခြေပြုပြီး နိုင်ငံတော်ပြန်လည်တည်ထောင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုမင်းလက်ထက်တွင် စည်းရုံးရေးအင်အား၊ စစ်ရေးအင်အားအကြီးမားဆုံးဖြစ်သည့်အတွက် ပတ်ဝန်းကျင်နိုင်ငံများ၏ လေးစားမှုကိုခံခဲ့ရသည်။ သို့သော် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကျဆင်းလာသည့် အချိန်မျိုးတွင် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်မှုများကိုခံခဲ့ရသည်။ ၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ခုနှစ်များတွင် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သည့်အတွက် လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝကို ကျရောက်ခဲ့သည်။ ထို့ကြောင့် စည်းလုံးညီညွတ်ရေးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အတွက် အရေးကြီးကြောင်း ထင်ရှားလှပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို မတရားသိမ်းပိုက်နိုင်ခဲ့သော်လည်း မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ကို လုံးဝဖြိုဖျက်နိုင်ခြင်းမရှိခဲ့ပေ။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတို့၏ အမျိုးအနွယ်ကို စောင့်ထိန်းသည့်စိတ်ဓာတ်၊ မိမိတို့၏ယဉ်ကျေးမှု ဓလေ့ထုံးကို လေးစားမြတ်နိုးသည့်စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိပါးစော်ကားမှုကို မခံသည့်စိတ်ဓာတ်များဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာလည်း မျိုးချစ်စိတ်ဓာတ်အပေါ်တွင် အခြေခံသည်။

၁၈၈၆ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့တွင် မြန်မာတို့၏ အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရသော်လည်း သူ့ကျွန်မခံလိုသောစိတ်ဓာတ်ရှိသည့် တိုင်းရင်းသားတို့သည် ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့သည်။ လက်နက်အင်အားမမျှမှု၊ တစုတစည်းမရှိမှုတို့ကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။ သို့သော် မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး၊ ဇာတိမာန် မျိုးချစ်စိတ်ဓာတ်များသည်ကား မီးခဲပြာဖုံးဖြစ်ကြရသည်။

၂၀ရာစုဆန်းစ ကာလတွင် ပြာဖုံးနေသောမီးခဲများ ရဲရဲတောက်ပြန်လည်ဖြစ်ပေါ်လာရန် ဝိုင်အမ်ဘီအေနှင့် ဂျီစီဘီအေအသင်းများ ဖွဲ့စည်းပြီး ဝံသာနုလှုပ်ရှားမှုများနှင့် နယ်ချဲ့တို့ကိုခုခံလာခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့တို့က သွေးခွဲအုပ်ချုပ်ရေးစနစ် (Divide and Rule Policy)ကို ကျင့်သုံး လာသည့်အခါတွင် ဂျီစီဘီအေအသင်းကြီးသည် အစိတ်စိတ်ပြိုကွဲခဲ့ရသည်။ အုပ်စုကွဲသွားသော်လည်း မူမကွဲခဲ့ပေ။ ဆက်လက်၍ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများကို အရှိန်မြှင့်၍ ဆောင်ရွက်လာခဲ့ကြသည်။

မျိုးချစ်လူငယ်များသည် ၁၉၃၀ပြည့်နှစ်တွင် ဒို့ဗမာအစည်းအရုံးကို ဖွဲ့ပြီး လွတ်လပ်ရေးအတွက် မျိုးချစ်စိတ်၊ ဇာတိမာန်စိတ်ကို လှုံ့ဆော်စည်းရုံးခဲ့သည်။ ဒို့ဗမာအစည်းအရုံး၏ စည်းရုံးမှု၊ အားပေးမှုတို့ကြောင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးပါဝင်သည့် ၁၃၀၀ပြည့် အရေးတော်ပုံကို ဆင်နွှဲနိုင်ခဲ့သည်။ စည်းလုံးညီညွတ်ခြင်း၏ အကျိုးရလဒ်တစ်ခုမှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသည့်အချိန်တွင် လက်နက်ကိုင် တိုက်ပွဲဝင်ရန် စည်းရုံးကြသည်။ ပြည်ပ အကူအညီ ရရှိရန်အတွက် နည်းလမ်းရှာကြံကြပြီး နယ်ချဲ့တို့ကိုလည်းကောင်း၊ ဖက်ဆစ်တို့ကို လည်းကောင်း တိုက်ထုတ်နိုင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်သို့ ပြန်လည်ကျရောက်ခဲ့ရပြန်သည်။ လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြရပြန်သည်။ ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံအပေါ် ရေရှည်ကျွန်ပြုစိုးမိုးလိုသည့်အတွက် နည်းမျိုးစုံ သုံးကာ သွေးခွဲခဲ့ကြသည်။ ၁၉၂၃ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေးပေးစဉ်ကတည်းက မြေပြန့်နှင့်တောင်တန်းဒေသများကို သီးခြားခွဲ၍ အုပ်ချုပ်ခဲ့ခြင်းသည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင် သွေးခွဲအုပ်ချုပ်ခြင်းဖြစ်သည်။ သို့သော် ဘယ်သူခွဲခွဲ သွေးမကွဲသည့် တိုင်းရင်းသားတို့သည် တောင်တန်း မြေပြန့် မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွရယူနိုင်ရန်အတွက် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ပင်လုံညီလာခံကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ ရက် နေ့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသသည့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

ပင်လုံညီလာခံကြီးမှ ပုံဖော် တည်ဆောက်ပေးလိုက်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံ၍ ဆက်လက်ကြိုးပမ်းခဲ့ကြရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံအဖြစ်သို့ ပြန်လည်ရပ်တည်နိုင်ခဲ့သည်။ သို့ဖြစ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းပကားသည် ပြည်ထောင်စု၏ အားအဖြစ် ပင်လုံမြေက ဖော်ညွှန်းပြသနေပါကြောင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။ ။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို မတရားသိမ်းပိုက်နိုင်ခဲ့သော်လည်း မြန်မာတို့၏ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ်ကို လုံးဝဖြိုဖျက်နိုင်ခြင်းမရှိခဲ့ပေ။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတို့၏ အမျိုးအနွယ်ကို စောင့်ထိန်းသည့်စိတ်ဓာတ်၊ မိမိတို့၏ယဉ်ကျေးမှု ဓလေ့ထုံးစံကို လေးစားမြတ်နိုးသည့်စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိပါးစော်ကားမှုကို မခံသည့်စိတ်ဓာတ်များဖြစ်သည်။ ပြည်ထောင်စု စိတ်ဓာတ်ဆိုသည်မှာလည်း မျိုးချစ်စိတ်ဓာတ်အပေါ်တွင် အခြေခံသည်။

ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
-စိုက်ပျိုးမြေ(ဧက)	၈၉၅၄၀၀	၁၅၇၆၉၀၃	၆၈၁၅၀၃
-ဆည်မြောင်း၊တာတမံ	၂၆	၃၀	၄
-မြစ်ရေတင်လုပ်ငန်း	-	၃	၃
-မိုးစပါးစိုက်(ဧက)	၇၉၀၉၉၀	၁၁၀၀၆၃၂	၃၀၉၆၄၂
-နွေစပါးစိုက်(ဧက)	-	၁၂၁၄၈	၁၂၁၄၈
-ဆီထွက်သီးနှံစိုက်(ဧက)	၂၆၇၆၁	၉၇၈၆၃	၇၁၁၀၂
-ပုစွန်မွေးရေပြင်(ဧက)	-	၁၅၅၅၃၃	၁၅၅၅၃၃
သစ်တောပြုစုပျိုးထောင်မှု			
-ကြိုးဝိုင်းတော(စတုရန်းမိုင်)	၆၄၅	၈၁၇	၁၇၂
-သဘာဝသစ်တောဧရိယာ (စတုရန်းမိုင်)	-	၆၇၈	၆၇၈
-သစ်တောစိုက်ခင်း(ဧက)	၁၄၀၀	၅၈၇၀၅	၅၇၃၀၅
လမ်းပန်းဆက်သွယ်ရေး			
-ကားလမ်း(မိုင်)	၄၄၈	၈၉၇	၄၄၉
-ကတ္တရာလမ်း(မိုင်)	၁၆၃	၅၅၀	၃၈၇
-ကျောက်လမ်း(မိုင်)	၁၃၅	၂၃၀	၉၅
-ပေ ၁၈၀ အထက်တံတား	၁၁	၄၄	၃၃
-ပေ ၁၈၀ အောက်တံတား	၁၄၂	၃၂၆	၁၈၄
လျှပ်စစ်စွမ်းအား			
-ဓာတ်အားသုံးစွဲမှုယူနစ်(သန်း)	၄	၁၄	၁၀
ပညာရေး			
အခြေခံပညာအဆင့်			
-မူလတန်းကျောင်း	၂၂၄၆	၂၄၇၂	၂၂၆
-အလယ်တန်းကျောင်း	၁၀၉	၁၄၉	၄၀
-အထက်တန်းကျောင်း	၃၆	၉၅	၅၉
-ဆရာ၊ဆရာမဦးရေ	၈၇၂၉	၁၂၄၉၇	၃၇၆၈
-ကျောင်းသားဦးရေ	၂၄၄၃၅၇	၄၄၁၉၂၇	၁၉၇၅၇၀
အဆင့်မြင့်ပညာအဆင့်			
-တက္ကသိုလ်	-	၁	၁
-ကောလိပ်	-	၁	၁
-အစိုးရကွန်ပျူတာကောလိပ်	-	၁	၁
-အစိုးရနည်းပညာကောလိပ်	-	၁	၁
-အစိုးရစက်မှုလက်မှုသိပ္ပံ	-	၁	၁
ကျန်းမာရေး			
-ဆေးရုံ	၃၆	၄၃	၇
-ကျန်းမာရေးဌာနများ	၁၁၈	၁၂၂	၄
-တိုင်းရင်းဆေးရုံ	-	၁	၁
ဆက်သွယ်ရေး			
-စာတိုက်စခန်း	၆၁	၈၁	၂၀
-ကြေးနန်းရုံး	၁၉	၂၅	၆
-တယ်လီဖုန်းရုံး	၁	၄၁	၄၀
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး			
-ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	၁	၁၁	၁၀
-ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်	-	၃၅၂၀	၃၅၂၀
-ကိုယ်ပွားသတင်းစာတိုက်	-	၁	၁

ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး တိုးတက်မြင့်မားလာစေရေးအတွက် ရမ်းဗြဲမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ဝန်ဖိုက်ချောင်းတံတားကို တွေ့ရစဉ်။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အနောက်ဘက် အစွန်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းသည်။ ရခိုင်၊ ဗမာ၊ ချင်း၊ မြို၊ သက်၊ ခမိ၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန် စသည့် တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၃၀၄၅၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၂၁၅ ဦးဖြစ်သည်။

ပင်လယ်ကမ်းရိုးတန်းနှင့် ရိုးမတောင်တန်းကြားတွင် တည်ရှိသော ပြည်နယ်ဖြစ်သည်။ ပျမ်းမျှ အမြင့်ပေ ၃၀၀၀ ရှိသော ရခိုင်ရိုးမသည် မြောက်ဘက်တွင်မြင့်ပြီး တောင်ပိုင်းသို့ နိမ့်ဆင်းသွားသည်။ နတ်မြစ်၊ မေယုမြစ်၊ ကစ္ဆပနဒီမြစ် စသည်တို့နှင့် မအီ၊ တန်းလွဲ၊ တောင်ကုတ်၊ သံတွဲ၊ ကျိန်တလီနှင့် ဂွချောင်းတို့သည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းသည်။ စစ်တွေလွင်ပြင်သည် အကျယ်ပြန့်ဆုံးလွင်ပြင်ဖြစ်ပြီး ဖရုံကာ၊ ရမ်းဗြဲ၊ မာန်အောင်ကျွန်းများနှင့် ကျွန်းငယ်များရှိသည်။

ယင်းသို့ ရေမြေသဘာဝ အခြေခံကောင်းမွန်သော ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးအတွင်း အေးအတူ ပူအမျှ အတူတကွ စုပေါင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး၏ လူနေမှုအဆင့်အတန်း တစ်ပြေးညီ မြင့်မားစေရန် နိုင်ငံတော်က မိသားစုစိတ်ဓာတ်ဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။

ပြည်နယ်၊ ပြည်မမခွဲခြားဘဲ တစ်ပြေးညီထား၍ လမ်းများ၊ တံတားများ၊ ဆည်တမံများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ စာသင်ကျောင်းများ စသည့် အခြေခံလိုအပ်ချက်များကို ခေတ်အဆက်ဆက်ကကျန်ရစ်ခဲ့သည့်ကွက်လပ်များနေရာတွင် ဖြည့်ဆည်းပေးနိုင်သဖြင့် ရခိုင်ပြည်နယ်သည် အခြားပြည်နယ်၊ တိုင်းများနည်းတူ ဖွံ့ဖြိုးတိုးတက်လာသည်။

တိုင်းရင်းသား ညီနောင်များ တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်မှု ရရှိလာသော ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ၁၉၈၈ ခုနှစ် မတိုင်မီကာလနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများ ပါရှိသည့် ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် တွေ့ရှိနိုင်ပေသည်။ ။

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် တည်ဆောက်ထားသော အစိုးရ နည်းပညာကောလိပ် (စစ်တွေ)၏ ပင်မဆောင် (သုံးထပ်ဆောင်)ကို ဤသို့ တွေ့ရသည်။

စည်းလုံးညီညာ ပြည်မြန်မာ

❖ ညီညာမှ ပြည်သာမည်...။
ဒို့ မြန်မာ ဆိုရိုးစကား
ထင်ရှား လှသည်။
အေးချမ်းလို့ ခေတ်မီ
ဒို့တိုင်းပြည် ဖွံ့ဖြိုးရေး။
ရိုင်းပင်းအား တည်ထောင်သွားဖို့
တိုင်းရင်းသား ညီနောင်များတို့
ကြိုးစားစို့လေး။

❖ စည်းလုံးခြင်းဆိုသည်မှာ...။
အဖျက်ရန် အစဉ်ပယ်ရှားနိုင်သည့်
အင်အား တစ်ရပ်ပါ။
နှစ် ကာလ ကြာရှည်စွာ
သည်မြေမှာ အတူနေကြ။
မရှိအတူ ရှိအတူနှင့်
အေးအတူ ပူအမျှပေပေါ့
အတူတကွ နေထိုင်လို့
ဒို့နိုင်ငံ ဒို့လူမျိုး
မြတ်နိုးချစ်ကြ။

❖ ဘေးပြောတာ မယုံကြနဲ့
သွေးပြောမှ ယုံကြည်ပါ။
အရေးကြုံ သွေးဆုံစည်းပါလို့
အရေးကြီး သွေးနီးမြဲ
တွဲလက်ခိုင်မာ။
အနာဂတ်ပြည်မြန်မာ
စည်သာဖို့ အရေး။
ရိုင်းပင်းအား တည်ထောင်သွားဖို့
တိုင်းရင်းသား ညီနောင်များတို့
ကြိုးစားစို့လေး။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်...။

ခိုးမိုး(ပုသိမ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက်	-	၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆
အချိန်	-	နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ
နေရာ	-	တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ရုံးရှေ့တွင် ပြုလုပ်ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကို ဖတ်ကြားစဉ်။ (၃၂)

ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုး၍ ဇီဝဒီဇယ်ဆီထုတ်လုပ် စိုက်ပျိုးမှုနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဖေဖော်ဝါရီ ၅ ရက်တွင် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်၏ ရေပေးမှုကိုကြည့်ရှုစစ်ဆေးပြီး အရှည်ပေ ၁၂၃၀၀၀ရှိသည့် မြောက်မုန်းတူးမြောင်းတစ်လျှောက်၌ နွေသီးနှံဆည်ရေပေးမှု၊ တူးမြောင်းနှင့် တူးမြောင်းအဆောက်အအုံများ ထိန်းသိမ်းထားမှု၊ နွေစပါးစိုက်ပျိုးရန် လယ်ကွက်များ ရေရယူမှု၊ ထွန်ယက်စိုက်ပျိုးမှုတို့ကို ကြည့်ရှုသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်း စလင်းမြို့နယ် တညောင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူးက ရေတင်လုပ်ငန်းနှင့် စိုက်ပျိုးရေပေးဝေမှုတို့ကို မြေပုံဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စီမံကိန်းမှ တာဝန်ရှိသူများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များအား လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ရေတင်စီမံကိန်း

ဆက်လက်၍ ဝန်ကြီးသည် ရေပေးတူးမြောင်းနှင့် ဧရာဝတီမြစ်မှ ရေတင်သည့် ရေပေါ်စက်ရုံနေရာတို့ကို ကြည့်ရှုပြီး စပါးနှင့် ချည်မျှင်ရှည်ဝါသီးနှံပုံစံဖြင့် ရေတင်စီမံကိန်းဧရိယာတွင် စိုက်ပျိုးမှုအောင်မြင်ရန် လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ကျောက်ကူဘုရားအနီး တည်ဆောက်နေသည့် ကျောက်ကူးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းတာဝန်ခံ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဦးမောင်မောင်လွင်က ညောင်ဦးခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများဖြစ်သော လက်ပန်ခြေပေါ်၊ ငါ့သရောက်၊ သူကောင်းတည်၊ ကျောက်ကူးနှင့် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်ဧရိယာများ ဆက်စပ်တည်ရှိမှု၊ ကျောက်ကူး လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ဆောင်ရွက်ပြီး ရေငြိမ်ကန်၊ ရေပေးတူးမြောင်းနှင့် ထပ်ဆင့်ရေတင်စခန်းလေးခုတို့၏ အခြေအနေနှင့် ပုဂံညောင်ဦး လေဆိပ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ဧက ၃၀၀၀ ကို ဧရာဝတီမြစ်ရေတင်၍ ဆီထွက်သီးနှံနှင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးရေးတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များအား လုပ်ငန်းများပူးပေါင်းဆက်စပ်ညှိနှိုင်း ဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးအောင်မြင်အောင် ဆောင်ရွက်ရေးမှာကြားပြီး ဤဒေသနှင့် ရေမြောင်းတစ်လျှောက်၌ ခြံစည်းရိုးကြက်ဆူရိုင်းပင်များ စိုက်ပျိုး၍ ဇီဝဒီဇယ် ထုတ်လုပ်ရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရေငြိမ်ကန်နှင့် ရေပေးမြောင်းများသို့ ရေတင်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေတင်စီမံကိန်း၌ရှိသော ခြံစည်းရိုးကြက်ဆူရိုင်းပင် စံပြပျိုး ဥယျာဉ်ရှိ ပျိုးထောင်ထားသော ပျိုးပင်များကို ကြည့်ရှုအားပေးပြီး အောင်မြင်ရှင်သန်အောင် စိုက်ပျိုးရေး၊ စိုက်ပျိုးရသည့် ရည်ရွယ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး၊ လိုအပ်ချက်များရှိပါက ပံ့ပိုးကူညီဖြည့်ဆည်းပေးရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပင်မမြောင်းတစ်လျှောက်နှင့် ထပ်ဆင့်ရေတင်စခန်းအမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄)ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့ အပူပိုင်းဒေသ သီးနှံဗဟိုသုတေသနခြံသို့ ရောက်ရှိပြီး ညောင်ဦးခရိုင် ကြက်ဆူရိုင်းပင်စံပြပျိုးဥယျာဉ်၌ ဧက ၁၀၀ တွင် ပျိုးပင် ၁၂၀၀၀၀ကို အစေ့နှင့် မျိုးကိုင်းတို့မှ ပျိုးထောင်ထားမှုကို ကြည့်ရှုပြီးဝန်ကြီးက သုတေသန ခြံဝန်ထမ်းများနှင့် ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာများအား ကြက်ဆူရိုင်းပင်ကို ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရေးအတွက် စိုက်ပျိုးမှုနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ရေး၊ စနစ်တကျအောင်မြင်အောင် စိုက်ပျိုးနိုင်ရေးအတွက် ပံ့ပိုးကူညီရေးတို့ကို မှာကြားသည်။

ရှင်းလင်းပြသ

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် ဒုတိယ အထွေထွေမန်နေဂျာ ဦးကျော်ဝင်းတို့က ကြက်ဆူရိုင်းပင်ကို ခြံစည်းရိုးအဖြစ် လည်းကောင်း၊ စိုက်ခင်းအဖြစ်လည်းကောင်း စိုက်ပျိုးရာတွင် ပျိုးထောင်နည်းစနစ်နှင့် သီးကိုင်းရရှိရေး၊ အသီးထွက် ရရှိရေး၊ အပင်ပြုစုမှုနည်းစနစ်များကို ရုပ်ပုံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မျိုးပွားခင်းများ ပြုလုပ်မည့် အစီအစဉ်တို့ကို ချမှတ်ဆောင်ရွက်ကြသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ညောင်ဦးမြို့ သုတေသနခြံ၌ ခြံစည်းရိုး ကြက်ဆူရိုင်းပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

အပြည်ပြည်ဆိုင်ရာဟော်ကီအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပသည့်ဟော်ကီနည်းပြဆရာသင်တန်း ဖွင့်ပွဲအခမ်းအနားကို အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၌ ဖေဖော်ဝါရီ ၃ရက်ကကျင်းပရာ သင်တန်းအသုံးစရိတ်အတွက်အလှူငွေ ကျပ် ၂၅၀၀၀၀ ကို Danar Management Co., Ltd. မှ မန်းနေဂျင်းဒါရိုက်တာ ဒေါ်မာမာလွင်နှင့် ဒါရိုက်တာဦးမျိုးဝင်းတို့က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် လက်ခံစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် ဇမ္ဗူ ရတနာ ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်း၊ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင် စာမေးပွဲ (မြို့နယ် အဆင့်) ဆု ချီး မြှင့် ပွဲ ကို ဖေဖော်ဝါရီ ၉ရက်က အထက(၁) သီရိရတနာကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်အဆင့် ပထမ ရွှေတံဆိပ်ဆုရရှိသော အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်သီဟမင်းသိမ်းအား မြို့နယ်ပညာရေးမှူး ဒေါ်စိန်စိန်က ပထမ ရွှေတံဆိပ်ဆုနှင့် ဆုလက်မှတ်ပေးအပ်စဉ်။ (၆၄)

မြန်မာ–ဂျပန် ချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာ–ဂျပန် ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာ–ဂျပန်နှစ်နိုင်ငံတို့မှ ဘော်လီဘောအားကစားသမားများသည် ကွင်းအတွင်း၌ နေရာယူကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Nobutake Odano နှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်တို့က မြန်မာ–ဂျပန် နှစ်နိုင်ငံတို့မှ ဘော်လီဘောအားကစားသမားများအား တစ်ဦးချင်းလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ မြန်မာ–ဂျပန်နှစ်နိုင်ငံတို့မှ အားကစားသမားများသည် အမှတ်တရပန်းစည်းနှင့် ရင်ထိုးတံဆိပ်များကို လဲလှယ်ကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက် မြန်မာ–ဂျပန်ချစ်ကြည်ရေး ပထမနေ့ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်းနှင့် ဂျပန်နိုင်ငံ Hyogo အမျိုးသမီးဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျပန်နိုင်ငံ Hyogo အမျိုးသမီးဘော်လီဘောအသင်းက မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘော်လီဘောအသင်းကို ၂၅မှတ်–၁၃မှတ်၊ ၂၅မှတ်–၁၈မှတ်၊ ၂၅မှတ်–၂၂မှတ်ဖြင့် သုံးပွဲပြတ် အနိုင်ရရှိသွားသည်။

ဒုတိယနေ့ ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၃ရက်တွင် ယင်းပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဆုချီးမြှင့်

လှိုင်မြို့နယ် အမှတ်(၁၀) မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါခင်က မြို့နယ် ဘာသာစုံထူးချွန် ပထမဆုရရှိသူ ပဉ္စမတန်းမှ မခွန်းချိုလွင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃–၂–၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အသိဉာဏ်ပေးစိတ်ငြိမ်းအေး (ဓမ္မဒူတအရှင် ဆေကိန္ဒ ဟောကြားတော်မူသော ယဉ်ကျေးရင် အမြင်အေးပါတယ်) အပိုင်း–၂
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ချင်းရိုးရာဝတ်စားဆင်ယင်မှု
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	ညီညွတ်ရေးကရာတေးနှင့် အာဆီကိုင်းချစ်ကြည်ရေး နှစ်(၅၀)မြောက် ရွှေရတုပွဲ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	အောင်မြေရွှေဘိုမြို့ (အပိုင်း–၁)
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	မှတ်ပုံတင်ကစကြရအောင် (ထွန်းထွန်းဝင်း၊ ရတနာခင်)
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	Business Talk ဦးမျိုးမြတ်သူ၊ဦးစိုးမြင့်(FMI)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ပေါင်းလောင်းရေလှောင်တမံနှင့်လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	အနုပညာကြယ်ပွင့်များနှင့် တွေ့ဆုံခြင်း(ဆုန်သင်းပါရ်နှင့် တွေ့ဆုံခြင်း)
၁၀း၅၅	ဆက်သွယ်လုံခြုံနည်းအဖုံဖုံ
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	စောင့်ရှောက်ခြင်းသည် ဒို့တာဝန် စောင့်ရှောက်ခြင်းသည် မျှဝေမှု
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (VES မြန်မာ)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။
English Premier League ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၂း၂၅ West Ham- Birmingham
လိုင်း: 5-Sports(Live)

မြန်မာနိုင်ငံ၌ ခြစည်းရိုးကြက်ဆူပင်မှ

ဇီဝဒီဇယ်ဆီ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ

အမျိုးသားရေးအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုး



ခြစည်းရိုးကြက်ဆူပင် မျိုးကိုင်းများကို ပျိုးအိတ်များဖြင့် ပျိုးထောင်ထားစဉ်။

မြန်မာနိုင်ငံသည် စိုက်ပျိုးနိုင်သောမြေများအပြင် မြေလွတ်မြေလပ်များလည်း ပေါများသည့် နိုင်ငံဖြစ်သည်။ နိုင်ငံ၏အကျယ်အဝန်းမှာ ၂၆၁၂၂၈ စတုရန်းမိုင်ရှိပြီး သစ်တောဧရိယာသည် မြေဧရိယာ၏ ထက်ဝက်ကျော် ဖုံးလွှမ်းလျက်ရှိသည်။

ကျန်ရှိသော မြေဧရိယာများအနက်မှ စိုက်ပျိုးနိုင်သည့် မြေဧကသည် ၄၅ သန်းခန့်ရှိသည်။ တပ်မတော်အစိုးရလက်ထက်တွင် သီးနှံစိုက်ဧက တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် စိုက်ဧက ၄၃ သန်းကျော် ဖြစ်ထွန်းလာသည်။ ထို့ကြောင့် စိုက်ပျိုးနိုင်သောမြေဧကသည် နှစ်သန်းခန့်သာကျန်ရှိပေသည်။

စိုက်ဧကများ အစွမ်းကုန်တိုးချဲ့

မြန်မာနိုင်ငံတွင် မြေလွတ်မြေလပ်ဧကမှာ ၁၆သန်းခန့် ကျန်ရှိနေသေးသဖြင့် ကျန်ရှိသော စိုက်ပျိုးနိုင်သည့်မြေဧကနှင့်ပေါင်းလျှင် စိုက်ပျိုးရမည့်မြေဧက ၁၈ သန်းကျော် ရှိနေသေးသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် သီးနှံ ၁၀မျိုးပန်းတိုင် အထွက်နှုန်းအပြင် ဘက်စုံအသုံးဝင် ခြစည်းရိုးကြက်ဆူပင်များကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ခြစည်းရိုးကြက်ဆူပင်များကို နိုင်ငံတစ်ဝန်း စိုက်ဧက ခုနစ်သန်း သတ်မှတ်လျာထားသည်။ သို့ရာတွင် နိုင်ငံအကျိုးဖြစ်ထွန်းမှုကို ရှေးရှု၍ စိုက်ဧကများအား အစွမ်းကုန်တိုးချဲ့ စိုက်ပျိုးကြရန်ဖြစ်သည်။ အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် ခြစည်းရိုးကြက်ဆူပင်စိုက်ဧကများကို နှစ်စဉ် တိုးချဲ့စိုက်ပျိုးသွားကြရန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခရိုင် ၆၀ရှိသည့်အနက် အပူပိုင်းဒေသရှိ ခရိုင်များတွင် ခြစည်းရိုးကြက်ဆူပင်များကို ဧက တစ်သိန်းကျော်စီ စိုက်ပျိုးသွားမည်ဟု သိရသည်။

စနစ်တကျရွေးချယ်ပျိုးထောင်

ခြစည်းရိုးကြက်ဆူပင်သည် စိုက်ပျိုးရန် လွယ်ကူသည်။ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားမည်ဆိုပါက နိုင်ငံအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။ အစေ့ သို့မဟုတ် ကိုင်းဖြတ်စိုက်ပျိုးခြင်းဖြင့် လွယ်ကူစွာ ပေါက်ရောက်နိုင်သည်။ သမားရိုးကျ စိုက်ပျိုးနည်း အမျိုးမျိုးရှိရာ အပင်ကြီးထွားနှုန်းကောင်းမွန်ရန်နှင့် အသီးအထွက်နှုန်းမြင့်မားရန်အတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက သတ်မှတ်ထားသော စိုက်နည်းစနစ်အတိုင်း ရွေးချယ်ပျိုးထောင် စိုက်ပျိုးကြရမည်ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

အစေ့ဖြင့်မျိုးပွားစိုက်ပျိုးလျှင် တိုက်ရိုက်အစေ့ချ၍သော်လည်းကောင်း၊ ပျိုးထောင်၍သော်လည်းကောင်း စိုက်ပျိုးနိုင်သည်။ ကိုင်းထိုး မျိုးပွားစိုက်ပျိုးရာတွင် တိုက်ရိုက်ကိုင်းထိုး၍ လည်းကောင်း၊ မျိုးကိုင်းအား ပျိုးအိတ်အတွင်း ပျိုးထောင်၍လည်းကောင်း စိုက်ပျိုးနိုင်သည်။ ခြောက်ပေတန်းကြား စိုက်ပျိုးနည်းသည် အပင်သက်တမ်း ၁၃ လမှ ၁၄ လအတွင်း ပထမသီးနှံ အထွက်နှုန်းအမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ပုံမှန်အားဖြင့် ကိုင်းဖြတ်စိုက်ပျိုးလျှင် ခြောက်လ၊ အစေ့ဖြင့်စိုက်လျှင် ရှစ်လတွင် အသီးစတင်သီးသည်။ မည်သည့်နေရာဒေသတွင်မဆို စိုက်ပျိုးဖြစ်ထွန်းနိုင်သော ခြစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားကြရန် ဖြစ်ပေသည်။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ဧရာဝတီတိုင်း၌ လမ်းသစ်ဖွင့်ပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ညောင်တုန်းမြို့ သိလ္လာလမ်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ မအူပင်ခရိုင်နှင့် ညောင်တုန်းမြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြသန်းတို့က ဖဲကြိုးဖြတ်၍ လမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

စစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် လမ်းသစ်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ပေရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော မအူပင်မြို့ (၃)လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

လှည့်လည်ကြည့်ရှု

ကတ္တရာလမ်းသစ်ကို စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် မအူပင်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မြို့သစ်(၃)လမ်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး အမှတ်(၁၂) ရပ်ကွက်နေ ပြည်သူများနှင့်တွေ့ဆုံကာ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မအူပင်-ကျိုက်လတ်လမ်းနှင့် ဆက်သွယ်သည့် တာပတ်အနောက်ကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

မွန်ပြည်နယ် မိုးရာသီဘဏ်ချေးငွေ အပြည့်အဝကောက်ခံရရှိရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မွန်ပြည်နယ် ၂၀၀၅ ခုနှစ် မိုးရာသီဘဏ်ချေးငွေ အပြည့်အဝ ကောက်ခံရရှိရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ရက်တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ၂၀၀၅ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေများကို ၂၀၀၆ ခုနှစ် မတ်လအတွင်း အပြည့်အဝ ပြေကျေအောင် ကောက်ခံရရှိရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ဘဏ်ခွဲများမှ မန်နေဂျာများက ၂၀၀၅ ခုနှစ် မိုးရာသီဘဏ်ချေးငွေများ ကောက်ခံရရှိထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက နိဂုံးချုပ် အမှာစကား ပြောကြားပြီး ဘဏ်ခွဲရုံးများတွင် ဝန်ထမ်းများအနေဖြင့် ခြစည်းရိုးကြက်ဆူပင်များကို မိမိတို့၏ ရုံးများနှင့် မြေလွတ်မြေရိုင်းပါမကျန် စိုက်ပျိုးသွားရေးကို မှာကြားသည်။

(အောက်ဝဲပုံ) (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

(၁၂-၂-၂၀၀၆)

ဟားခါး၊ ပင်လောင်းနှင့် နမ့်စန်

၂ ဒီဂရီစင်တီဂရိတ်

လားရှိုး

၄ ဒီဂရီစင်တီဂရိတ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၁၂)လမ်းနေ ဦးအကေး-ဒေါ်တင်ရီ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ပဒေသာပင် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ပေါင်မြို့နယ် ကတိုက်ရေလှောင်တမံ စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ကတိုက်ရေလှောင်တမံတည်ဆောက်မှု ကြည့်ရှု ကျုံကဥယျာဉ်ခြံ၌ ကြက်ဆူပင်ပျိုးထောင်မှု စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းက ပေါင်မြို့နယ် ဥက္ကတားကျေးရွာ၌ နွေစပါးစိုက် ၃၆၆ဧကတွင် သီးထပ်ရင်နှင့် ဆင်းသွယ်လတ်မျိုးစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုနှင့် ရေရရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသည့် ဆင်းသွယ်လတ်ကဲ့သို့ မျိုးစပါးများ အသုံးပြုစိုက်ပျိုး ဆောင်ရွက်ရေး ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးနိုင်ရေး တောင်သူများအား ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဖလပ်ကျေးရွာ ဆင်းသွယ်လတ် မျိုးသန့်မျိုးပွားစိုက်ခင်းဧက ၁၀၀ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကို လှည့်လည်ကြည့်ရှုအားပေးပြီးနောက် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)က တာဝန်ယူ တည်ဆောက်လျက်ရှိသော ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိရာ တည်ဆောက်ရေး (၆)ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများက ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ရင်းငြိမ်ရေထိန်း တံခါးသည် ပေါင်မြို့နယ်၊ ကျူတော်ကျေးရွာ အထက် တစ်မိုင်ခွဲခန့်ရှိ ရင်းငြိမ်ချောင်းအနီးတွင် တည်ရှိပြီး ရေထိန်းတံခါးမှာ ၆ ပေ၊ ၁၆ ပေ၊ ရေတံခါး ပေါက် ၄၀၊ ရေခေါ်မြောင်းမကြီး အရှည်ပေ ၂၆၀၀၊ ရေထုတ် မြောင်းမကြီး အရှည်ပေ ၂၄၀၀၊ ရေဆင်း ဇရိယာ ၃၁ ဒသမ ၂၅ စတုရန်းမိုင်ရှိပြီး ကွန်ကရစ်ရေထိန်းတံခါး အမျိုးအစားဖြစ်သည်။

ရင်းငြိမ် ရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းပြီးစီးပါက ပေါင်မြို့နယ်အတွင်းလယ်ယာမြေဧက ၁၀၀၀၀ စိုက်ပျိုးနိုင်ခြင်း၊ မိုးရာသီတွင် ရေကြီးခြင်းများနှင့် ရေငန်ဝင်ရောက်ခြင်းတို့မှ ကာကွယ်နိုင်ခြင်း၊ ပိုလျှံရေများကို မုတ္တမကွေ့သို့ ထုတ်ပေးနိုင်ခြင်း၊ သထုံခရိုင်အတွင်းရှိ ဇုက္ကရဲရေထိန်းတံခါး၊ ကျုံထော် ရေထိန်းတံခါးများ၊ ကတိုက် ရေလှောင် တမံများနှင့် တစ်ဆက်တစ်စပ်တည်း အကျိုးပြုဆောင်ရွက်နိုင်ခြင်း စသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ထိုမှ တဆင့် တိုင်းမှူးသည် ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး (၆)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော ပေါင်မြို့နယ်၊ ကတိုက် ရေလှောင်တမံ စီမံကိန်းလုပ်ငန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးလှမြင့်က ကတိုက်ရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေါင်မြို့နယ် ကတိုက်ရေလှောင်တမံသည် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့် ကတိုက်ချောင်းတွင် တည်ရှိပြီး တမံအရှည်ပေ ၅၂၀၀၊ တမံအမြင့် ၁၃၄ ပေ၊ ရေထုတ်ပြွန် အချယ်အစား ၄ ပေ၊ ၆ ပေ၊ နှစ်ပေါက်၊ ရေထုတ်ပြွန် အလျား ၆၅၀ ပေ၊ ရေဆင်းဧရိယာ ရှစ်စတုရန်းမိုင်ရှိ မြေသားတမံမျိုးအစား ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ပေါင်မြို့နယ်၊ ကျုံကဥယျာဉ်ခြံသို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပျိုးပင် ၃၀၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ကြက်ဆူပျိုးပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေါင်မြို့နယ်တွင် ခြံစည်းရိုးကြက်ဆူမျိုးစေ့ပျိုးပင် ၁၄၁၈၈၇ ပင်၊ ကိုင်းပျိုးပင် ၅၁၈၅၄ ပင်၊ စုစုပေါင်းပျိုးပင် ၁၉၃၇၄၁ ပင်ပျိုးထောင် စုဆောင်းထားရှိသည်။ (သတင်းစဉ်)

တပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

သာသနာရေးဝန်ကြီးဌာန ယဉ်ကျေးမှု သင်တန်းနည်းပြ မာဂဓီ–သာစည် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပညာသာမိ ဦးဆောင်၍ တပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာသိမ်တော်ကြီး၌ ကျင်းပရာ ရှေးဦးစွာ သင်တန်းသူများက မြတ်စွာဘုရားအား ရေတော်၊ ပန်းတော်၊ ဆီမီးတော်များဖြင့် ဆက်ကပ်ပူဇော်ကြပြီး အခါတော် ခုနစ်ပါး ဘုရားရှိခိုးဂုဏ်တော်ကို ရွတ်ဆိုပူဇော် ကန်တော့ကြသည်။

အလားတူ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က တပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို နံနက် ၉နာရီတွင် စေတီတော်အာရုံခံတန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ ဘာသာရေးဝတ်အဖွဲ့များက သမ္မာဒေဝနတ်ဗြဟ္မာများအား ပင့်ဖိတ်ကြပြီး မြတ်စွာဘုရား အမှူးပြုသော အဂ္ဂသာဝကနှစ်ပါးဖြစ်သော လက်ယာတော်ရံ ပညာအရာ ဧတဒဂ်ရ အရှင်သာရိပုတ္တရာနှင့် လက်ဝဲတော်ရံ တန်ခိုးတော်အရာ ဧတဒဂ်ရ အရှင်မောဂ္ဂလာန် ရဟန္တာများအား ပင့်လျှောက်ကြပြီး ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ကြသည်။ (သတင်းစဉ်)

သပြေကန်ဆရာတော်ကြီးအား (၁၁)ကြိမ်မြောက် ပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီးအား (၁၁)ကြိမ်မြောက် ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ဓမ္မပါလဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဖျာပုံဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး အမျိုးသားစာပေဆုရ စာရေးဆရာ ချစ်စံဝင်းက သပြေကန် ဆရာတော်ကြီး၏ ဂုဏ်ရည်ကို ဖတ်ကြားပူဇော်သည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၉ ရက်က တောင်တွင်းကြီးမြို့ လောကအလင်း စာကြည့်တိုက်ကို မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးသန်းစိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တာမွေမြို့နယ် ၂၀၀၅–၂၀၀၆ခုနှစ် ပညာရည်ထူးချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၉ရက်က အထက(၁) တာမွေ ပင်လုံခန်းမ၌ကျင်းပရာ မြို့နယ်ဘက်စုံထူးချွန် ပထမ၊ စာပေဘာသာစုံ ထူးချွန်ပထမ သုံးနှစ်ဆက်တိုက်ရရှိသော အထက (၁)တာမွေ သတ္တမတန်း(က)မှ မမေမြတ်နိုးဝေ အား မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင် ဆုချီးမြှင့်စဉ်။ (ဝ၈)

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မင်းရပ်နေ ဦးတင်ဝင်း၊ ဇနီး ဒေါ်ရီမိသားစုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ရန်ကုန်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာ ဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ ကို ဇန်နဝါရီ ၂၉ရက်က တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပရာ အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများပေးအပ်ကြစဉ်။ (က–ပ)

မင်းဘူး (စကု)မြို့နယ် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မကွေးတိုင်း မင်းဘူး (စကု)မြို့နယ် မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါပွဲတော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ပဓာန နာယကက မကွေးဆရာတော် အဘိဇအေဂ္ဂမဟာရဋ္ဌဂုရု၊ အဘိဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တ ကုမာရနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းများနှင့် ဘုရားဖူးပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ဖွင့်ပွဲတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက ရွှေသားစက်လက္ခဏာတော်ကို ပင့်ဆောင်ရာ ဖွင့်ပွဲမုခ်ဦးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် အောက်စက်တော်ရာ အာရုံခံတန်ဆောင်းတော်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများက အောက်စက်တော်ရာအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဒည့်ပရိသတ်တို့က ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အောက်စက်တော်ရာ သံဦးသျှောင်တော်ကို ဖွင့်လှစ်ပေးကြသည်။

ကပ်လှူပူဇော်

ယင်းနောက် အထက်စက်တော်ရာဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဆရာတော်ကြီးများက အထက်စက်တော်ရာအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြ၍ ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။ ထို့နောက် မကွေးဆရာတော်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အထက်စက်တော်ရာကို ဖွင့်လှစ်ပေးကြပြီး ခြေတော်ရာစေတီတော်အား ရွှေပြားသင်္ကန်း ကပ်လှူပူဇော်ကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ မန်းရွှေစက်တော်ရာ ဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ သုခလမ်းသွယ်၊ (၅၆) လမ်းနေ ဒုတိယဗိုလ်မှူးကြီးမြလွင်(ငြိမ်း)–ဒေါ်ခင်ရွှေမှီ မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂) စံကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေ ကျပ်ငါးသိန်းကို ဝိနယကောဝိဒ ဆရာတော် ဘဒ္ဒန္တအရိယဓမ္မထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဘဏ္ဍာတော်ထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဘိုကလေးမြို့ သီတဂူဓမ္မသဘင် တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့ရှိ ပေါ်တော်မူကုန်းမြေ သီတဂူဓမ္မဝိဟာရ စာသင်တိုက်၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် သီတဂူဓမ္မသဘင်တရားပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Air Bagan ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ် ရန်ကုန် ဂေါက်ကွင်း၌ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာ–ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd. **က အဓိက ကူညီပံ့ပိုးသော ၂၀၀၅–၂၀၀၆ ခုနှစ်** Air Bagan **မြန်မာ–ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သတ္တမပွဲစဉ်ကို ဖေဖော်ဝါရီ ၁၄ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (ဒညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။**

ပြိုင်ပွဲတွင် Professional Golfer အဆင့် ပြိုင်ပွဲနှင့် အပျော်တမ်းအဆင့် (အကြောပေး–သုညမှ ၁၂) ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက် အားကစားသမားများသည် Han Golf Masters Pro-Shop နှင့် ရန်ကုန်ဂေါက်ကွင်း (ဒညင်းကုန်း)ပြိုင်ပွဲရုံးခန်း ဖုန်း–၆၃၅၅၆၃၊ ၀၉၉၈၇၂၅၅၄ တို့သို့ အမည်စာရင်း ပေးသွင်းနိုင်သည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. ဖြစ်ပြီး Official Bank အဖြစ် KBZ Bank Ltd. ဖြစ်၍ Co-Sponsor များအဖြစ် Myanmar Brewery Ltd.၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Srixon ၊ Yangon Golf Club၊ Kachin Golfers Group၊ Jade Myanmar Co., Ltd. ၊ Max Myanamr Co., Ltd. နှင့် London တို့က အသီးသီး ပါဝင်ကူညီကြမည်ဖြစ်ကာ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၆) ကျင်းပ ချန်ပီယံ ချယ်လ်ဆီးအသင်း မစ်ဒယ်ဘရော့ကို ရှုံး

လန်ဒန် ဖေဖော်ဝါရီ ၁၂

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၆)ကို စနေနေ့က ကျင်းပရာတွင် ချန်ပီယံ ချယ်လ်ဆီးအသင်းက မစ်ဒယ်ဘရော့အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ အောင်လံတလူလူ လွှင့်ထူလာခဲ့သော ချယ်လ်ဆီးအသင်းအတွက် အကြီးကျယ်ဆုံးသော ရှုံးနိမ့်မှု တစ်ရပ်ဖြစ်သည်။

စနေနေ့ပွဲစဉ်တွင် လီဗာပူးအသင်းက ဝီဂန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အာဆင်နယ်အသင်းသည် အိမ်ကွင်းတွင် ဘောလ်တန်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကစားခဲ့သည်။

အနိုင်ရရှိ

ယခုနှစ် ဘောလုံးရာသီအတွင်း ချယ်လ်ဆီးအသင်း ရှုံးနိမ့်မှုမှာ ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် ချယ်လ်ဆီးအသင်းကို မန်နေဂျာ ဟိုဆေးမိုရင်ညို လွှဲပြောင်း တာဝန်ယူချိန်နောက်ပိုင်း တတိယအကြိမ် ရှုံးနိမ့်မှုဖြစ်သည်။ တန်းဆင်းဇုန်သို့ရောက်ရှိရန် အခြေအနေတွင်ရှိနေသော မစ်ဒယ်ဘရော့အသင်းမှာမူ ၎င်း၏ အိမ်ကွင်းတွင် ခြောက်ပွဲဆက်တိုက် အနိုင်မရှိဘဲ ရပ်တည်ခဲ့ရာမှ ထိပ်တန်းအသင်းကြီးကို အနိုင်ရရှိလိုက်ခြင်းဖြစ်သည်။

ပွဲချိန် နှစ် မိနစ်တွင် မစ်ဒယ်ဘရော့အသင်းမှ ဖက်ဘီယို ရိုချမ်ဘက်က ချယ်လ်ဆီးအသင်း နောက်တန်း အားပျော့နေချိန်ကို အသုံးချကာ အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။

ပထမပိုင်း ပြီးဆုံးလုဆဲဆဲ အချိန်တွင် စမ်းဝပ်ဒေါင်းနင်းက မစ်ဒယ်ဘရော့အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးခဲ့ပြီး ပွဲချိန် ၆၈ မိနစ်တွင် ယာကူဘူက ပွဲသိမ်းအနိုင်ဂိုး သွင်းယူခဲ့သည်။

ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် မစ်ဒယ်ဘရော့အသင်းမှ ဒိုရီဗာနှင့် ချယ်လ်ဆီးအသင်းမှ အာဂျင်ရော်ဘင်တို့ ဘောလုံးယှဉ်လုကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဖေ ဖော် ဝါ ရီ ၁၁ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဝီဂန် အသင်းမှ ပေါလ် ရှား နား နှင့်လီဗာပူးအသင်းမှ ဂျာမီကာရပ်ဟာတို့ ဘောလုံးကို အပြိုင် အဆိုင် ခေါင်း တိုက်ကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မန်ချက်စတာယူနိုက်တက်အသင်းသည် ပို့စ်မောက်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ ချယ်လ်ဆီးအသင်းနှင့် အမှတ်ကွာခြားချက်မှာ ၁၂မှတ်မျှသာရှိတော့သည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက် ပွဲချိန် ၁၈မိနစ်တွင် ရုခ်ဗန်နစ္စတယ်လ်ရွိုင်းက ဂိုးသွင်းပေးခဲ့ပြီး ပွဲချိန် ၃၈မိနစ်နှင့် ပွဲချိန် ၄၅မိနစ်တို့တွင် ရိုနယ်ဒိုတစ်ဦးတည်းက နှစ်ဂိုးသွင်းယူခဲ့သည်။ နစ္စတယ်လ်ရွိုင်းသည် ယခု ဘောလုံးရာသီအတွင်း ၎င်း၏ ၂၂ဂိုးမြောက်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပို့စ်မောက်အသင်းအတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို ပွဲချိန် ၈၇မိနစ်တွင် တေလာက သွင်းယူခဲ့သည်။

ဥရောပချန်ပီယံ လီဗာပူးအသင်းသည် ဝီဂန်အက်သလက်တစ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်ရာ ယင်းအသင်းအတွက် ပြန်လည်အားသစ်လောင်းပေးနိုင်သည်။ လီဗာပူးအသင်းသည် ယခင်ပွဲလေးပွဲတွင် အမှတ်တစ်မှတ်ကိုသာလျှင် ရယူနိုင်ခဲ့ပြီး သွင်းဂိုး တစ်ဂိုးသာရှိခဲ့သည်။ လီဗာပူးအသင်းသည် အမှတ်ပေးဇယားတွင် ၄၈မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။

ထိခိုက်ဒဏ်ရာရရှိသည့် ဘောလုံးသမားများဖြင့် ရပ်တည်နေရသော အာဆင်နယ်အသင်းမှာ ဘော်လ်တန်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အခြားပွဲရလဒ်များ

အက်စတွန်ဗီလာ	(၁)	နယူးကာဆယ် ယူနိုက်တက်	(၂)
အဲဗာတန်	(၁)	ဘလက်ဘန်းရိုဗာ	(၀)
ဖူလ်ဟမ်	(၆)	ဝက်စ်ဘရွမ်း	(၁)

အမ်အင်အေ၊ရိုက်တာ။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၇) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၇)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ နွေပေါက်ပြီ ယမန်နှစ်ကလောက် ပူပြင်းမည်မဟုတ်၊ စင်ကာပူသင်္ဘောကျင်းတွင် အလုပ်အကိုင်ရရှိရန် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုက အခမဲ့ဝန်ဆောင်မှုပေးမည်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များအတွက် ကိုရီးယားက ဒေါ်လာနှစ်သန်း အကုန်အကျခံမည် စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကမ္ဘာ့ပထမဆုံး မျက်နှာအစားထိုးလူနာ အများရှေ့မှောက်ပြသ၊ လက်ဖက်ရည်စွဲသူများ လက်ဖက်ဘီစကစ်စား၊ တရုတ်ဈေးကွက်ကို အိမ်ရှင်မများက အများဆုံး ဆုံးဖြတ်ပေးလာ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း–၅၀၀၇၂၁က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်ဆဲဖြစ်သည့် ဇေယျာမွန်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၀ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြား ပြည်သူလူထု အင်အား တစ်သောင်းကျော် တက်ရောက်အလေးပြု

ရန်ကုန်　　ဖေဖော်ဝါရီ　　၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာ ကျင်းပသည့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့ နေရာယူပြီးနောက် ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာရပ်နားခဲ့သည့် ပြည်ထောင်စု အလံတော်သည် ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တို့၌ တစ်ညတာစီရပ်နားခဲ့ပြီး နံနက် ၇ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုလှေဖြင့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်ရှေ့သို့ ရောက်ရှိလာသည်။

ပြည်ထောင်စုလှေဖြင့် သယ်ဆောင်လာသည့် ပြည်ထောင်စု အလံတော်အား ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❋

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❋ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❋ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❋ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❋ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❋ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❋ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❋ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❋ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❋ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❋ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု

☆ *တိုင်းရင်းသားလူမျိုးအားလုံး လွှမ်းခြုံလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်မှု စွမ်းအားတို့အပေါ်၌ လုံးဝဥဿုံ တည်မှီလျက်ရှိသည်ကို တိုင်းရင်းသားလူမျိုးများ အားလုံးက ခံယူထားကြရမည် ဖြစ်ပါသည်။*

(ခေါင်းကြီး၊ စာမျက်နှာ-၂)

☆ *မျိုးချစ်စိတ်ဓာတ် ဆိုသည်မှာ မိမိတို့၏အမျိုးအနွယ်ကို စောင့်ထိန်းသည့် စိတ်ဓာတ်၊ မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးကို လေးစားမြတ်နိုးသည့်စိတ်ဓာတ်၊ အမျိုးဂုဏ် ဇာတိဂုဏ် ထိပါးစော်ကားမှုကို မခံသည့် စိတ်ဓာတ်များဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် ဆိုသည်မှာလည်း မျိုးချစ်စိတ်ဓာတ်အပေါ်တွင် အခြေခံသည်။*

ကြည်ကြည်ချို(တောင်ကြီးတက္ကသိုလ်)၏ **"တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းပကား ပြည်ထောင်စု၏အား"**

(ဆောင်းပါး၊ စာမျက်နှာ-၈)

☆ စိုးမိုး(ပုသိမ်)၏ **"စည်းလုံးညီညာ ပြည်မြန်မာ"** (ကဗျာ၊ စာမျက်နှာ-၉)

☆ *တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ရခိုင်ပြည်နယ်* (သတင်းဆောင်းပါး၊ စာမျက်နှာ-၉)